# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၆)ရက် ၊ သောကြာနေ့ ၊ (1-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ပေ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ပေ၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

## အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ငါးမွေးမြူရေးတောင်သူများ အရန်ကန်စီစဉ်ထားရှိပြီး ရေလှယ်သောစနစ်ကို အထူးဂရုပြုဆောင်ရွက်ရန်တိုက်တွန်းထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟုခန့်မှန်းထားမှုကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားရာ မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန်မွေးမြူရေး တောင်သူများအနေဖြင့် မိမိတို့ငါးမွေးကန်များတွင် အရန်ကန်များထားရှိ၍ ရေသိုလှောင်ထားရှိကာ ရေလှယ်သောစနစ်ကို အထူးဂရုပြုဆောင်ရွက်သွားရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က တိုက်တွန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသည့်ဖြစ်စဉ်ဖြစ်သော်လည်း အကျိုးသက်ရောက်မှုကို လွန်ခဲ့သော လေးနှစ်ကျော်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများကြုံတွေ့ခဲ့ရပြီး

**စာမျက်နှာ ၁၈ ကော်လံ ၁ ၀**



**၂၀၂၄ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၌ ဘွဲ့ကြိုကျောင်းသား၊ကျောင်းသူ ၁၃၉၀၆ ဦးနှင့် ဘွဲ့လွန်သင်တန်းသား၊သင်တန်းသူ ၁၂၇၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ**

စာမျက်နှာ - ၁၆

**ထမံသိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ဘင်္ဂလားကျားအပါအဝင် ရှားပါးမျိုးစိတ် ၂၅ မျိုးတည်ရှိကြောင်း ကင်မရာထောင်ချောက်ဖြင့် မှတ်တမ်းတင်နိုင်ခဲ့**

စာမျက်နှာ - ၂၁


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်



ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ ၊ဆွေးနွေးပွဲများ ၊အလုပ်ရုံဆွေးနွေးပွဲများ ၊အစည်းအဝေးများ ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၁ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ၏အဖျက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့ အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်အဖျက်လုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

**PDF** အမည်ခံအကြမ်းဖက်သမားများသည် အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်များဖြင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လူစည်ကားရာနေရာများကို ဖောက်ခွဲတိုက်ခိုက်ခြင်းများ၊ နိုင်ငံပိုင်နှင့် ပြည်သူလူထုပိုင်အဆောက်အအုံများ၊ မီးရထားလမ်း၊ ကားလမ်း၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များ စသည်တို့ကို အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိပေသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်သို့ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်တွင် **PDF** အမည်ခံအကြမ်းဖက်သမားအင်အား ၁၃၀ ခန့်က ကလေးတက္ကသိုလ်သို့ တောင်ဘက်မှဝင်ရောက်၍ ရူပဗေဒနှင့် သတ္တဗေဒစာသင်ဆောင်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားရာ ၎င်းတို့အနက် ၂၈၅ ဦးကို တပ်မတော်စစ်ကြောင်းက အချိန်မီပြန်လည်ကယ်တင်နိုင်ခဲ့သည်။

**PDF** အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာအဆောက်အအုံများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းကို ရည်ရွယ်ချက်ရှိစွာဖြင့် အကာအကွယ်ယူတိုက်ခိုက်ခြင်းတို့သည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ပေသည်။

ထို့ပြင် **PDF** အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး အမှား၊ အမှန်၊ အဆိုး၊ အကောင်း ဝေဖန်ပိုင်းခြားတတ်အောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများနှင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခြင်းသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် အဆိုပါလုပ်ရပ်များကို အဖွဲ့အစည်းအသီးသီးက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် နည်းမျိုးစုံအသုံးပြုလျက် **PDF** အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လှုပ်ရှားမှုသတင်းများကိုရရှိပါက ပြည်သူတစ်ရပ်လုံးအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့ကြရမည် ဖြစ်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်ဟူသမျှကိုလည်း ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူသူများအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်း၌ GAqP သင်တန်းဖွင့်လှစ်သွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် သရက်ကုန်း ငါးလုပ်ငန်းစခန်း၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းကို မတ်လ ပထမပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ သင်တန်းကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားပေးရာတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်ဖြင့် မွေးမြူနိုင်သည့် ပညာရပ်များနှင့် အခြေခံငါးမွေးမြူရေးပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့သူတွေကို သင်တန်းဖွင့်လှစ်ပေးသွားမှာပါ။ ငါးမွေးမြူသူတွေ စနစ်တကျမွေးမြူနိုင်စေဖို့အတွက် သင်တန်း ဖွင့်လှစ်ပေးတာပါ။ အဓိကအနေနဲ့ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) စနစ်နဲ့ မွေးမြူနိုင်မဲ့ပညာရပ်တွေကိုသင်ကြားပေးသွားမှာပါ။ သုံးရက်ကြာသင်တန်းပါ။ အခုလိုသင်တန်းတွေဖွင့်လှစ်ပေးတာကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့အကျိုးကျေးဇူးတွေရရှိမှာပါ။ ငါးမွေးမြူသူတွေလဲ တိုးပွားလာမှာပါ။ ငါးမွေးမြူတဲ့အခါမှာ လိုအပ်တဲ့အကြံဉာဏ်တွေကိုလဲပေးသွားမှာပါ။ သင်တန်းကို သရက်ကုန်းငါးလုပ်ငန်းစခန်းမှာ အခမဲ့ဖွင့်လှစ်ပြီး သင်တန်းသားအယောက် ၂၀ ထိ လက်ခံသင်ကြားပေးသွားမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်နှင့် သစ်သီးဝလံများ အရောင်းအဝယ်ကောင်းလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၂၉**

မန္တလေး ဈေးချိုတော်တွင် ကုန်ခြောက်နှင့် သစ်သီးဝလံများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေး ဈေးချိုတော်သည် ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ သစ်သီးမျိုးစုံအပြင် အခြားကုန်ပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်နှင့် သစ်သီးဝလံများ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ငါးခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ လက်ဖက်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငရုတ်သီးခြောက် စတဲ့ကုန်ခြောက်ပစ္စည်းတွေ တော်တော်လေး ရောင်းအားကောင်းလာပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

ယခုအခါ နွေရာသီကာလထဲသို့ တဖြည်းဖြည်းစတင်ဝင်ရောက်လာပြီဖြစ်သောကြောင့် မန္တလေးဈေးချိုတော်ရှိ သစ်သီးဝလံရောင်းချလျက်ရှိသည့်သစ်သီးတန်းဘက်တွင် သဘော်သီး၊ ဖရဲသီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ စပျစ်သီး စသည့်သစ်သီးများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်း အရောင်းဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိ ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂၉**

မန္တလေးဆိုင်ကယ် ဈေးကွက်၌ ထိုင်းနိုင်ငံထုတ် မော်ဒယ်နိမ့် Click ၊ Scoopy i ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ထိုင်းနိုင်ငံထုတ် မော်ဒယ်နိမ့် Click၊ Scoopy i ဆိုင်ကယ်များမှာ အနည်းဆုံး ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းထိ ပေါက်ဈေးရှိပြီး တရုတ်ဘီးများတွင်လည်း ဆိုင်ကယ်အသစ်များ ဝင်ရောက်မှုနည်းနေခြင်းကြောင့် ဈေးကွက်အတွင်း ဝင်ရောက်ပြီးသား ဆိုင်ကယ်အသစ်များကိုသာ အရောင်းအဝယ် ပြုလုပ်နေရကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် နောက်ဆုံးမော်ဒယ် Click ဒလက်မှာ ငွေကျပ် ၅၅ သိန်း၊ Click စပုတ်မှာ ငွေကျပ် ၅၂ သိန်း၊ Scoopy i ဒလက်မှာ ငွေကျပ် ၄၈ သိန်း၊ Scoopy i စပုတ်မှာ ငွေကျပ် ၄၅ သိန်း၊ Dream 125 မှာ ငွေကျပ် ၂၅ သိန်းခန့်ဈေးပေါက်နေကြောင်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၃၀ ခန့် ရှိကြောင်း သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များတွင်လည်း တင်သွင်းသည့် ကုမ္ပဏီ အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးနိုင်နိုင်ထွန်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် ဖရီးပါမစ်ကားများ ဈေးနှုန်းမြင့်တက်နေမှုကြောင့် အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ယခုအခါ ဖရီးပါမစ်ကားများဖြစ်သည့် အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားလေးများသည် ယခင်ဈေးများထက် ငွေကျပ်သိန်း ၃၀ မှ သိန်း ၄၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၇၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၅၀ ခန့်ဈေးပေါက်လျက်ရှိပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၂၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကားများမှာ ငွေ ကျပ်သိန်း ၁၃၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မယ်ဇယ်ပင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၈ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မယ်ဇယ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်ထံမှ သိရသည်။

**ကျော်ရိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပလိပ်မြို့ ဝန်ထမ်းကွက်သစ်နေ ဦးအောင်ဆွေဝင်း-ဒေါ်ငြိမ်းထက်အောင်၊ သား-မောင်ပြည့်ဘုန်းသုတ၊ သမီး-မအိမရာသုစ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၂၆၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၂၆၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၂၇၇၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၄၂၆၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ရမည်းသင်းမြို့နယ်အတွင်း ဆီထွက်သီးနှံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံတွေကို ဒေသတွင်းမှာ စားသုံးဆီဖူလုံမှုအတွက် အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးခဲ့တာပါ။ စားသုံးဆီဖူလုံစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်တွေရရှိဖို့နဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၇၄၃၅ ဧက၊ နှမ်း ၁၆၂၅ ဧက၊ နေကြာ ၂၃၅၆၂ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၄၂၆၂၂ ဧကဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မောက်မယ်မြို့နယ် မိုက်ကန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မောက်မယ် ဖေဖော်ဝါရီ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုက်ကန်းကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက Lyun Kham ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မိုက်ကန်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် မိုက်ကန်းကျေးရွာ၌ အရှည် တစ်မိုင်ခြောက်ဖာလုံရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေတားတမံနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၀၀၅ သန်းဖြင့် Lyun Kham ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိုက်ကန်းကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**လပွတ္တာ ဖေဖော်ဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးစိုးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရေထွက်ကုန်တွေကို လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ဆီ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများတင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့သူတွေလဲ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ရေထွက်ကုန်တွေကို ဒေသကနေ ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးစိုးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပုစွန်များတင်ပို့ရောင်းချရာတွင် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ မှ ၁၅၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀မှ ၁၆၅၀၀၊ ပုစွန်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၂၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်လည်းရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သူခိုးဓားပြထက်ဆိုးတဲ့ရန်သူ

**လူသုံးဦးမီးလောင်သေဆုံးသွားခဲ့ကြရသည့် သတင်း**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးသွားခဲ့ကြောင်း။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၆ ည ၁၁ နာရီ ၅၂ မိနစ်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ထင်းမီးဖြင့် ငါးမုန့်ကြော်ပြီး မေ့လျော့အိပ်ပျော်သွားရာမှ အိမ်မီးလောင်မှုဖြစ်ပွား။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် နံနက်က ပဲခူးမြို့နယ် ဘုရားကြီးလမ်းဆုံအနီး ရန်ကုန်- မန္တလေး လမ်းဟောင်းဘေးရှိ ရေခဲမုန့်ဆိုင်တွင် ရေခဲသေတ္တာ အပူလွန်ကဲရာမှ မီးလောင်။

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် တစ်ရက်တည်း မန္တလေးမြို့တွင် မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား။**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက်က မြိတ်မြို့တွင် ပရဟိတအသင်းအဆောက်အအုံနှင့် နေအိမ်ခြောက်လုံး၊ လူနာတင်ယာဉ်မီးလောင်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ညက မြောက်ဥက္ကလာပမြို့နယ်တွင် ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက်က ရွှေပြည်သာမြို့နယ်တွင် ကားနှစ်စီးမီးလောင်မှုဖြစ်ပွား။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ခန့်က သာကေတမြို့နယ်တွင် ထင်းမီးဖိုဖြင့် ထမင်းအိုးတည်ပြီး ခေတ္တအပြင်ထွက်သွားရာမှ မီးလောင်မှုဖြစ်ပွား။

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တစ်ရက်တည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးသုံးကြိမ်လောင်ကျွမ်းခဲ့ကြောင်း။**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄) ရပ်ကွက် ကံကြီးကုန်းရပ် လမ်း(၅၀)နှင့်(၅၁)လမ်းကြား၊ (၁၂၅)လမ်းနှင့်(၁၂၆)လမ်းကြားရှိ သွပ်မိုးထရံကာ နေအိမ်တွင် ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းခဲ့ရာမှ အိုးကွဲ၍ မီးစလွင့်ပြီး အနီးထရံမှတစ်ဆင့် စတင်မီးလောင်ကျွမ်းခဲ့ရာ နေအိမ် ၂၄ လုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း။

မြွေပူရာကင်းမှောင့် စိတ်အနှောင့်အယှက်ပေးသည့်သတင်းများ။ ရေနစ်သူများကို ဝါးကူလို့ထိုးနေကြသည့်ဖြစ်ရပ်ဆိုး။ အနိဋ္ဌာရုံသတင်းများ မကြားချင်လည်း ကြားနေကြရသည်။ မမြင်ချင်လည်း မြင်နေကြရသည်။ မသိချင်လည်း သိနေကြရသည်။

**"ဒီအချိန်ရောက်လာရင် ကြောက်တောင်ကြောက်လာပြီ"**ဟု ပြည်သူပြည်သားများ ညည်းတွားနေကြလေပြီ။ လက်တွေ့လည်းကြုံတွေ့နေကြရသည်။ နေရာအနှံ့အပြားတွင် မီးလောင်ဆုံးရှုံးမှုသတင်းများက နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေကြရသည်။ နေအိမ်၊ ဈေး၊ အဆောက်အအုံနှင့်ပစ္စည်းပေါင်းစုံ ဆုံးရှုံးနေကြရသလို လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း မီးလောင်သေဆုံးခဲ့ကြရသည်။

ဥသြဆွဲသံကြားရလေတိုင်း ထိတ်လန့်တုန်လှုပ်ချောက်ချားနေကြရသော ပြည်သူများ၏ဘဝက ကျီးလန့်စာစားနေကြရသည့်နှယ် ဆောက်တည်ရာမရ သောကဗျာပါရဖိစီးမှုဒဏ်ကို ခံနေကြရသည်။ စားမဝင်အိပ်မပျော်ဘဝကို ကြုံတွေ့နေကြရသည်။

သည်အချိန်ရောက်လာလျှင် ကြောက်စရာကောင်းလွန်းလှသော ရန်သူမီးက အတားအဆီးမရှိရောက်ရှိလာလေ့ရှိရာ လူတိုင်း၊ မိသားစုတိုင်း မကြောက်မရွံ့ဘဲ အဘယ်မှာနေနိုင်မည်နည်း။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ်ရေ ၂၀၀၀ ကျော်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၃၃ ဘီလီယံကျော်သာ ဆုံးရှုံးခဲ့သော်လည်း ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ်ရေ ၁၇၀၀ ခန့်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၃၅ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း၊ လူ ၇၇ ဦးသေဆုံးခဲ့ပြီး ၁၇၉ ဦး ဒဏ်ရာရခဲ့ကြောင်း၊ မီးလောင်မှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတွင် ၂၃၂ ကြိမ်၊ ဒုတိယအများဆုံးဖြစ်သော ရှမ်းပြည်နယ်တွင် ၁၈၃ ကြိမ်၊ တတိယအများဆုံးဖြစ်သော မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတွင် မီးလောင်မှုများ၊ မီးလန့်မှုများ မဖြစ်ပွားကြစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ယခုတလောတွင် စဉ်ဆက်မပြတ်လှုပ်ရှားနေကြသည်ကို မြင်တွေ့ကြားသိနေကြရသည်။

မိုးရာသီအတွင်းမှာပင် မီးလောင်မှုဖြစ်ပွားလေ့ရှိနေခဲ့ရာ မိုးရာသီကုန်ပြီး ဆောင်းအကူးမှစ၍ နွေရာသီတစ်လျှောက်လုံးတွင် မီးဘေးအန္တရာယ်က အမြဲရှိနေသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့များက ရပ်ကွက်၊ ကျေးရွာများတွင် မီးချိတ်၊ မီးကပ်၊ ရေအိတ်၊ သဲအိတ်၊ လှေကား၊ ရေပိုက်၊ ရေပုံးစသည့် မီးငြိမ်းသတ်ရာတွင် အသုံးပြုလေ့ရှိသော ပစ္စည်းကိရိယာများကို ပြည့်စုံစွာ အဆင်သင့်ထားရှိကြစေရေး၊ ထင်းမီးများဖြင့်ချက်ပြုတ်ကြပါက မီးကျင်းများကို စနစ်တကျထားရှိကြစေရေး၊ မီးကြွင်းမီးကျန်များ မရှိကြစေရေး၊ ဖယောင်းတိုင်များဖြင့် ဘုရားမီးပူဇော်ခြင်းနှင့် ခြင်ဆေးခွေသုံးခြင်းများတွင် အောက်ခံခွက်များထားရှိကြပြီး သတိမလစ်စေဘဲစောင့်ကြည့်စေခြင်း၊ ဖုန်းအားသွင်းခြင်း၊ မီးအားသွင်းခြင်းများကို သတိထားကြစေခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးပလက်များ၊ ခလုတ်များ၊ ဖျူ့စ်များ၊ ဘရိတ်ကာများ စသည့်လျှပ်စစ်အထောက်အကူပြုပစ္စည်းများကို လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူများနှင့် စနစ်တကျပြသစစ်ဆေးပြီး သေချာစိတ်ချမှ အသုံးပြုကြစေခြင်း၊ နေအိမ်မှ အပြင်သို့ထွက်လျှင် နေအိမ်စောင့်မရှိကြပါက လျှပ်စစ်မီးခလုတ်များကို ပိတ်ထားစေခြင်း၊ ဖြစ်နိုင်ပါက နေအိမ်အဆောက်အအုံအတွင်းသို့ဝင်သည့် ဘရိတ်ကာများကိုချထားစေခြင်း၊ ရုံး၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အိမ်ရာတိုင်းတွင် မီးသတ်ဆေးဘူးများထားရှိစေကြပြီး လေ့ကျင့်ပေးခြင်း၊ ရပ်ကွက်နှင့် ကျေးရွာများတွင် မီးသတ်ကားများ ဝင်ထွက်မှုလွယ်ကူစေရေးအတွက် လမ်းများကို ရှင်းထားစေခြင်း၊ ရုတ်တရက်မီးလောင်မှုဖြစ်ပွားပါက ဆောလျင်စွာမီးငြိမ်းသတ်နည်းများ၊ ကယ်ဆယ်နည်းများကို ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ပေးကြခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာသိမှတ်ဖွယ်ရာများပါ လက်ကမ်းစာစောင်များကို တစ်အိမ်တက်တစ်အိမ်ဆင်း ဖြန့်ဝေစစ်ဆေးပေးခြင်း စသည့်မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အလေးပေးကြိုးစားလှုပ်ရှားနေကြသည်။

**သူခိုးဓားပြထက်ဆိုးတဲ့ရန်သူဟာ× × × ဒီမြေမှုတစ်ခွင်မှာ× × × ရန်သူမီးကို× × × အစဉ်အမြဲသတိမြုကြပါ** ဟူသည့် နာမည်ကျော်အဆိုတော်ကြီး ဦးထွန်းရွှေ၏ **မီးသတိပြု**သီချင်းသံက ပွင့်လင်းရာသီတွင် နှစ်စဉ်ပျံ့လွင့်လာစမြဲဖြစ်သည်။

မီးသတ်ဦးစီးဌာနကလည်း မီးသတိပြု၊ မီးဘေးရှောင်မလောင်ခင်တား၊ သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်၊ သူခိုးခိုးတော့အစုတ်ကျန်၊ မီးခိုးတော့အပြုတ်နှံ၊ ကြိုတင်ကာကွယ်မီးအန္တရာယ်၊ ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ၊ စားဝတ်နေရေးပြည့်စုံရေး မီးဘေးမပေါ့နှင့်၊ မီးမှန်သမျှသုံးတတ်က မုချမီးဘေးစဉ်ကင်းဝေး၊ လယ်ယာစပါးပြည့်အားထား တားဆီးကာကွယ်မီးအန္တရာယ်၊ မသုံးတတ်ကမီးရန်က ဒုက္ခပေးလိမ့်မည်၊ မီးဖိုမီး၊ အခြားမီး သုံးပြီးသတိအမြဲရှိ၊ ခြင်ဆေးခွေသုံးလျှင်သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်၊ ရန်သူမီးဘေးတားဆီးရေး မနှေးဆောင်ရွက်ကြ၊ မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ၊ ဘုရားကျောင်းကန်ခြွင်းမချန် မီးရန်သတိထား၊ မီးသတိပြု ကာကွယ်မှုပေါင်းစုဆောင်ရွက်ကြ၊ မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်ဟူသောဆောင်ပုဒ်များကို ယခင်က နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း၊ လက်ကမ်းစာစောင်များနှင့်လည်းကောင်း ထုတ်ပြန်လှုံ့ဆော်သတိပေးနေခဲ့သည်။ အခါအားလျော်စွာလည်း အဆိုပါဆောင်ပုဒ်များကို နေ့စဉ်ထုတ်ပြန်လှုံ့ဆော်ပေးနေသင့်သည်။

ထိုသို့ လှုံ့ဆော်သတိပေးနေသည့်ကြားမှ မီးလောင်ဆုံးရှုံးမှုများက လျော့နည်းမသွားဘဲ နှစ်စဉ်တိုးပွားများပြားနေသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်ထိ ၁၃ နှစ်ကာလအတွင်း မီးလောင်မှုအကြိမ်အနည်းဆုံးနှစ်မှာ ၂၀၀၉ ခုနှစ်ဖြစ်ပြီး ၇၁၄ ကြိမ်သာ ဖြစ်ပွားခဲ့သည်။ အများဆုံးနှစ်မှာ ၂၀၁၂ ခုနှစ်ဖြစ်ပြီး မီးလောင်မှုအကြိမ်ရေ ၁၂၁၉ ကြိမ်ဖြစ်ပွားခဲ့သည်။ ထိုနှစ် မီးလောင်မှုများတွင် ပေါ့ဆမီး ၄၆၇ ကြိမ်၊ မီးဖိုမီး ၃၂၈ ကြိမ်၊ လျှပ်စစ်မီး ၂၂၄ ကြိမ်၊ ရှို့မီးအကြိမ်ရေ ၁၆၀၊ တောမီးအကြိမ်ရေ ၂၀၊ အလိုအလျောက်လောင်သောမီး ၁၉ ကြိမ်၊ မိုးကြိုးပစ်၍ လောင်သောမီး တစ်ကြိမ်ပါဝင်ခဲ့သည်။

၂၀၁၂ ခုနှစ် တစ်နှစ်တာကာလအတွင်း မီးလောင်မှု ၁၂၁၉ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေအဆောက်အအုံပေါင်း ၁၅၇၅၆ လုံးမီးသင့်ခံခဲ့ကြရပြီး မီးဘေးဒုက္ခသည်ပေါင်း ၇၄၉၄၇ ဦးထိရှိခဲ့သည်။ လူ ၁၈၄ ဦး သေဆုံးခဲ့ကြရပြီး ၂၉၅ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ကျွဲ၊ နွား၊ ဝက်စသော တိရစ္ဆာန် ၂၈၁၉ ကောင် သေဆုံးခဲ့ကြရသည်။ ထိုမီးလောင်မှုအကြိမ်များထဲ၌ ကျေးရွာများတွင် မီးလောင်မှု ၄၂၉ ကြိမ်ပါရှိသည်။

နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြရသည့် မီးလောင်ဆုံးရှုံးမှုအခြေအနေကို ကိန်းဂဏန်းများဖြင့် စိစစ်သုံးသပ်ကြည့်သည့်အခါ **"ပေါ့ဆမီး"**သည် အများဆုံးဖြစ်နေသည်။ ၂၀၀၇ ခုနှစ်က **"ပေါ့ဆမီး"** ၅၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး **"မီးဖိုမီး"** ၂၃၆ ကြိမ်၊ **"လျှပ်စစ်မီး"** ၁၀၈ ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၀၄ ခုနှစ်က**"ပေါ့ဆမီး"** ၄၈၆ ကြိမ်ဖြစ်ပွားခဲ့ပြီး **"မီးဖိုမီး"** ၂၀၅ ကြိမ်၊ **"လျှပ်စစ်မီး"** ၁၅၂ ကြိမ် ဖြစ်ပွားခဲ့သည်။

❖ ဥသြဆွဲသံကြားရလေတိုင်း ထိတ်လန့်တုန်လှုပ်ချောက်ချားနေကြရသော ပြည်သူများ၏ဘဝက ကျီးလန့်စာစားနေကြရသည့်နှယ် ဆောက်တည်ရာမရ သောကဗျာပါရဖိစီးမှုဒဏ်ကို ခံနေကြရသည်။ စားမဝင်အိပ်မပျော်ဘဝကို ကြုံတွေ့နေကြရသည်။ သည်အချိန်ရောက်လာလျှင် ကြောက်စရာကောင်းလွန်းလှသော ရန်သူမီးက အတားအဆီးမရှိ ရောက်ရှိလာလေ့ရှိရာ လူတိုင်း၊ မိသားစုတိုင်း မကြောက်မရွံ့ဘဲ အဘယ်မှာနေနိုင်မည်နည်း။ ❖

## မောင်ဖြိုးသူ(ကြို့ပင်ကောက်)

၂၀၁၅ ခုနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီးတိုင်းတစ်တိုင်းတည်းတွင် **လျှပ်စစ်မီး** ၉၉ ကြိမ်ဖြစ်ပွားခဲ့ပြီး **ပေါ့ဆမီး** ၈၈ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ တစ်နိုင်ငံလုံးအတွင်း ၂၀၁၂ ခုနှစ်က မီးလောင်မှုအကြိမ် ၁၂၁၉ ကြိမ်ဖြစ်ပွားခဲ့ရာ **ငွေကျပ်သန်းပေါင်း ၁၀၇၀၁ ကျော်**ဆုံးရှုံးခဲ့သော်လည်း ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင်လောင်ကျွမ်းခဲ့သော မင်္ဂလာဈေးကြီး၏ မီးလောင်ဆုံးရှုံးမှုမှာ **ငွေကျပ်သိန်းပေါင်းသုံးသောင်းကျော်**ရှိနေရာ ကြေကွဲဖွယ်ကောင်းလှသည်။

၂၀၁၇ ခုနှစ်တွင် မီးလောင်မှု ၁၈၃၂ ကြိမ်ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ၁၇၃၉ ကြိမ်ဖြစ်ပွားခဲ့ရာ ၉၃ ကြိမ်လျော့နည်းသွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ တစ်နှစ်အတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၂၁၃၉ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၆၆၄၀ ဒသမ ၇၄ သန်းခန့်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးကြောင့် လူ ၇၅ ဦး သေဆုံးခဲ့ကြပြီး ဦးရေ ၂၂၀ ဒဏ်ရာရခဲ့ကြကြောင်း၊ အိမ်ခြေ ၃၁၆၃ လုံး၊ စက်ရုံအလုပ်ရုံ ၈၃ လုံးဆုံးရှုံးခဲ့ကြပြီး မီးဘေးသင့်ပြည်သူ ၅၄၄၃ ဦးရှိခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးက ၂၉၈ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၁၃၁၃ ဒသမ ၄၂ သန်းခန့်၊ ရန်ကုန်တိုင်းဒေသကြီးက ၂၃၃ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၂၉၀၆ ဒသမ ၃၂ သန်းခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးက ၂၂၆ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၇၅၅ ဒသမ ၄၉ သန်းခန့်ထိ ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားမှုအားလုံး၌ ကျေးလက်တွင် ၅၂ ရာခိုင်နှုန်းဖြစ်ပွားခဲ့ပြီး မြို့ပြတွင် ၄၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ **"ညွှန်ကြားရေးမှူး (ဦးစီး) ဦးသိန်းထွန်းဦး"**၏ ရှင်းလင်းဖြေကြားချက်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ဖော်ပြချက်အရ သိခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင်လည်း မီးလောင်မှု ၂၁၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၃၂၈၂၆ ဒသမ ၂၈၃ သန်းဆုံးရှုံးခဲ့သည်ဟု သိရသည်။

နှစ်စဉ်လောင်ကျွမ်းနေခဲ့ကြသည့် မီးလောင်မှုအမျိုးအစားများထဲတွင် ပေါ့ဆမီးက ရာခိုင်နှုန်းအများဆုံးဖြစ်နေသည်။ ပေါ့ဆမီးက ၂၀၁၂ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၄ ဒသမ ၁၇ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၃၄ ရာခိုင်နှုန်းရှိခဲ့ကြသည်။ မီးဖိုမီး၊ လျှပ်စစ်မီးများက ဒုတိယ၊ တတိယအဆင့်တွင်ရှိနေခဲ့ကြပြီး တို့မီးရှို့မီးများက စတုတ္ထအဆင့်တွင်ရှိနေခဲ့ကြသည်။

**"ပေါ့ဆမီး" "ပေါ့ဆမီး"**ဟု လွယ်လွယ်ကလေးပြောဆိုနေကြသော်လည်း တစ်ဦးတစ်ယောက်၊ မိသားစုတစ်စု၏ပေါ့ဆမှုကြောင့်၊ အများပြည်သူများ ဘယ်လောက်ထိ အတိဒုက္ခရောက်ကုန်ကြသလဲ။ အသက်စည်းစိမ်ဥစ္စာမြောက်မြားစွာဆုံးရှုံးခဲ့ကြရသည်၊ နစ်နာထိခိုက်ခဲ့ကြရသည်။

မီးပေါ့ဆနေကြသူများကို အရေးယူအပြစ်ပေးနေသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၈၅ ၏ ပြဋ္ဌာန်းချက်မှာ-

"မည်သူမဆို လူ့အသက်အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးနာကျင်စေတန်လောက်အောင် (သို့တည်းမဟုတ်) နစ်နာစေတန်လောက်အောင်သော်လည်းကောင်း၊ မီးဖြင့်(သို့တည်းမဟုတ်) မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကိုအရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေပြုလျှင်(သို့တည်းမဟုတ်) မီးကြောင့်သော်လည်းကောင်း၊ မီးလောင်လွယ်သော အရာဝတ္ထုကြောင့်သော်လည်းကောင်း၊ လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန်လုံလောက်အောင် လက်ရှိမီးကို (သို့တည်းမဟုတ်) မီးလောင်လွယ်သော အရာဝတ္ထုကိုနေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ၊ ပျက်ကွက်လျှင် သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၁၈၉၇ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၁၈၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၉၇၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၈၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၁၇၂၅ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ စွန်တာပြာ ၂၁၁၉ ဧက၊ ကုလားပဲ ၂၃၉ ဧက၊ စားတော်ပဲ ၇၃၇၅ ဧက၊ ပဲနီကလေး ၄၆၁ ဧက စုစုပေါင်း ၂၁၈၉၇ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ယခင်က မီးလောင်မှုဖြစ်ပွားလျှင် ဆုံးရှုံးမှုတန်ဖိုးအခြေအနေကိုကြည့်ပြီး ထောင်ဒဏ်ခြောက်လသာ အပြစ်ဒဏ်ပေးခဲ့ရာမှ ၁၉၆၃ ခုနှစ်မှစ၍ ထောင်ဒဏ်သုံးနှစ်နှင့် ငွေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မီးလောင်ဆုံးရှုံးမှုတန်ဖိုးများပြားလွန်းပါက ထောင်ဒဏ်သုံးနှစ်သည် နည်းပါးလွန်းကြောင်း နစ်နာဆုံးရှုံးသူများက ဝေဖန်နေကြသည်။

ပေါ့ဆမီးပြစ်ဒဏ်ချမှတ်မှုနည်းသော်လည်း **တိုမီးရှို့မီး**ပြစ်ဒဏ်ကိုမူ ထိုက်တန်စွာသတ်မှတ်ထားသည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၃၅ တွင်-**

"မည်သူမဆို ပစ္စည်းတစ်ခုခုတွင် အဖိုးငွေတစ်ရာကျပ်အောက်မနည်းသောတန်ဖိုးကို (သို့တည်းမဟုတ်) စိုက်ပျိုးရေးလုပ်ငန်းထွက်ပစ္စည်းဖြစ်လျှင် ငွေတစ်ဆယ်ကျပ်အောက်မနည်းသောတန်ဖိုးကို ဆုံးရှုံးစေရန်အကြံဖြင့် (သို့တည်းမဟုတ်) ထိုသို့ဆုံးရှုံးစေတန်ရာသည်ကိုသိလျက်နှင့် မီးဖြင့်သော်လည်းကောင်း၊ ပေါက်ကွဲစေသောအရာဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၃၆ တွင်-**

"မည်သူမဆို ကိုးကွယ်ဝတ်ပြုသောနေရာအဖြစ်ဖြင့်သော်လည်းကောင်း၊ နေအိမ်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပစ္စည်းများကိုသိုလှောင်ထိန်းသိမ်းထားသောနေရာအဖြစ်ဖြင့်သော်လည်းကောင်း သာမန်အားဖြင့်အသုံးပြုသောအဆောက်အအုံကို ဖျက်ဆီးရန်အကြံဖြင့်ဖြစ်စေ၊ မိမိကထိုသို့ဖျက်ဆီးစေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မီးဖြင့်(သို့တည်းမဟုတ်) ပေါက်ကွဲတတ်သောအရာဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

**"ပေါ့ဆမီး"**က ဆုံးရှုံးနစ်နာစေလိုသောဆန္ဒမရှိဘဲ သတိလစ်ဟင်းပေါ့ဆ၍သာ လောင်ကျွမ်းဆုံးရှုံးနစ်နာရသည်မို့ ထောင်ဒဏ်သုံးနှစ်ထိပဲ ပြစ်ဒဏ်ချမှတ်သည်။ **"တိုမီးရှို့မီး"**က လောင်ကျွမ်းဆုံးရှုံးနစ်နာစေလိုသောဆန္ဒရှိနေသောကြောင့် ပြစ်ဒဏ်ပိုမိုများပြားလာခြင်းဖြစ်သည်။ **"တိုမီးရှို့မီး"**မှာပင် မနာလိုသောစိတ်နှင့် ရန်ငြိုးအာဃာတစိတ်ကြောင့် တို့မီးရှို့မီးပြစ်မှုကျူးလွန်ပါက ထောင်ဒဏ်ခုနစ်နှစ်မှ တစ်သက်တစ်ကျွန်းဒဏ်ထိ အဆင့်ခွဲခြားထားသည်။ ပြစ်မှုအတိမ်အနက်ကိုကြည့်၍ ပြစ်ဒဏ်သတ်မှတ်ထားသည်။

**"ပေါ့ဆမီး"၊ "မီးဖိုမီး"၊ "လျှပ်စစ်မီး"၊ "တိုမီးရှို့မီး"**စသော မီးများလောင်ကျွမ်းခြင်းခံကြရပါက **"သောကမီး"**ဖိစီးမှုဒဏ်ကို မီးဘေးဒုက္ခသည်များ ခံစားကြရသည့်အပြင် ပတ်ဝန်းကျင်ကိုပါ သောကမီးက ကူးစက်ကြလေ့ရှိသည်။

သို့ဖြစ်ရာ ခလုတ်ထိမှအမိတနေကြမည့်အစား၊ နောင်တရပူဆွေးနေကြမည့်အစား **"မီးဘေးရှောင် မလောင်ခင်တား"**ကြရေးကို **"မွေးရာပါတာဝန်များ"**အဖြစ် လူတိုင်းခံယူထားကြစေချင်သည်။

## သမိုင်းဂုဏ်ရည် သင်းထုံကြည်

\- တို့မြန်မာပြည် သာယာစည်၍
ဂုဏ်ရည်မြားမြောင် မြင့်မားဆောင်ခဲ့
အောင်မြင်မှုလျှံ ဂုဏ်ဝန်းရံခဲ့
ပုဂံမှသည် အလှညီခဲ့
စေတီဘုရား အများများနှင့်
စပါးဆန်နှံ ပြည့်စုံ၏
တရားဓမ္မခံ မွေ့ကုန်ဘိ။

\- ကတိသစ္စာ မြဲမြံစွာပင်
မှန်ရာပြောဆို မနောချိုဘိ
ဝန်တိုအဘိဇ္ဈာ အနိဋ္ဌာတို့
စိတ်မှာမထား ရိုးသားကုန်
သိက္ခာတရား အမျိုးသားဂုဏ်။

\- ပြည်ပတိုင်းခြား တိုင်းတစ်ပါးလည်း
စိတ်ထားဖြူလှ ဖေးကူကြကာ
သံသယကင်း ရန်စကင်းကာ
ချစ်ခြင်းမှန်လျက် "သံ"မပျက်ကြ
ဆက်သွယ်အပြစ်ကင်း မယိုင်လဲ
ယှက်နွယ်ချစ်ခြင်း ခိုင်ခိုင်မြဲ။

\- သြော်. . .
မြန်မာ့ဂုဏ်ရည် သင်းထုံကြည်၍
ညီညွတ်ကြကာ စည်းလုံးစွာဖြင့်
အာဃာတများ ရန်ငြိုးများတို့
မထားကြဘဲ လက်ချင်းတွဲကာ
ခိုင်မြဲချစ်ကြည် လက်တွဲချီလျက်
တို့ပြည်တို့တိုင်း တို့သမိုင်းသည်
အတိုင်းမသိ သန့်စေသော
အရိုင်းမရှိ ခန့်စေသော
မြန်မာ့ဂုဏ်ရည် မြင့်စေသော။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကျင့်ခန်းလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြား



**မော်စကို ဖေဖော်ဝါရီ ၂၉**

ရုရှားသမ္မတပူတင်သည် ယနေ့တွင် ရုရှားလွှတ်တော်၌ နှစ်စဉ်ပြောကြားမြဲ နိုင်ငံတော်အခြေပြမိန့်ခွန်းကို ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ရုရှားသမ္မတပူတင်သည် ယူကရိန်းစစ်ပွဲအခြေအနေ၊ ရုရှား၏ ဂျူကလီးယားစွမ်းဆောင်ရည်၊ အနောက်အုပ်စုနှင့် ရုရှားကြား ဆက်ဆံရေးအခြေအနေများကို လွှတ်တော်၌ စုစည်းရောက်ရှိနေသော ရုရှားနိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များကို ရှင်းလင်းပြောကြားခဲ့သည်။

ရုရှားသမ္မတရွေးကောက်ပွဲများ မကျင်းပမီ ရက်သတ္တနှစ်ပတ်အလို တွင် ရုရှားသမ္မတပူတင်က နှစ်စဉ်ပြောကြားမြဲ နိုင်ငံတော်အခြေပြမိန့်ခွန်းကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှား၏ နိုင်ငံရေးစနစ်သည် ရုရှားအချုပ်အခြာအာဏာပိုင်စိုးမှု၏ အဓိကဒေါက်တိုင်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအင်စတီကျူးရှင်း ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းမည်ဟု သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် မဟာဗျူဟာမြောက် အင်အားမျှခြေ တည်ငြိမ်မှုအတွက် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးရန်လည်း မိမိတို့အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်က နိုင်ငံတော်အခြေပြမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် ယူကရိန်း၊ အရှေ့အလယ်ပိုင်းနှင့်အခြားကမ္ဘာ့ဒေသများတွင် ပဋိပက္ခများပေါ်ပေါက်စေရန် အနောက်အုပ်စုက ဖန်တီးနေသည်ဟု သမ္မတပူတင်က ယနေ့ နိုင်ငံတော်အခြေပြမိန့်ခွန်း၌ ဝေဖန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နော်ဝေကမ်းလွန်၌ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် တစ်ဦးသေဆုံး

**အော့စလို ဖေဖော်ဝါရီ ၂၉**

နော်ဝေနိုင်ငံ အနောက်ပိုင်းကမ်းလွန်ရေပြင်အတွင်းသို့ ယနေ့တွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူတစ်ဦးသေဆုံး၍ ငါးဦးအသက်ရှင်ခဲ့သည်။

အဆိုပါရဟတ်ယာဉ် ပျက်ကျမှုကြောင့် နော်ဝေကမ်းလွန်၌ရေနံနှင့် သဘာဝဓာတ်ငွေ့တူးစင်များ၊ နော်ဝေကမ်းရိုးတန်းကြား လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများခေတ္တရပ်နားထားခဲ့ရသည်။

ပျက်ကျခဲ့သော ရဟတ်ယာဉ်ဆိုင်ကော့စကီး အက်စ်-၉၂ အမျိုးအစားဖြစ်ပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေးမစ်ရှင် လေ့ကျင့်နေစဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသွားသူခြောက်ဦးကိုကယ်ဆယ်ရေးသမားများက ပင်လယ်ရေပြင်အတွင်းမှ ဆယ်ယူနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဦးသေဆုံးခဲ့ရကြောင်း နော်ဝေတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရဟတ်ယာဉ် ပျက်ကျမှုတွင် အသက်ရှင်သူ ငါးဦးအနက် တစ်ဦးမှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း နော်ဝေရဲတပ်ဖွဲ့၏အဆိုအရသိရသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျရခြင်း၏ နောက်ခံအကြောင်းရင်းကိုမသိရသေးကြောင်း နော်ဝေရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Ref : Sputnik
Trs : KKO



## ပါကစ္စတန်နိုင်ငံအတွက်ထုတ်ပေးထားသည့် ချေးငွေအမေရိကန်ဒေါ်လာ နှစ်ဘီလီယံပြန်ဆပ်ရမည့်ကာလကို တရုတ်အစိုးရ တစ်နှစ်ထပ်တိုးပေးထား

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၂၉**

ပါကစ္စတန်အတွက် ထုတ်ပေးထားသည့်ချေးငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအတွက် ပြန်လည်ပေးဆပ်ရမည့်ကာလကို တရုတ်နိုင်ငံက အချိန်ထပ်တိုးပေးထားကြောင်း ပါကစ္စတန်အိမ်စောင့်အစိုးရဘဏ္ဍာရေးဝန်ကြီး ရှမ်ရှက်ဒ်အက်ခ်တာကဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါချေးငွေ အမေရိကန်ဒေါ်လာနှစ်ဘီလီယံကို ပါကစ္စတန်အနေဖြင့် ယခုနှစ်မတ်လအတွင်း ပြန်လည် ပေးဆပ်ရမည်ဖြစ်သော်လည်း ပေးဆပ်နိုင်မည့်အချိန်ကို တရုတ်အစိုးရက တစ်နှစ်ထပ်တိုးပေးထားကြောင်း သိရသည်။

ချေးငွေ ပြန်လည်ပေးဆပ်နိုင်မည့်ကာလတစ်နှစ်ထပ်တိုးပေးထားရေးဆုံးဖြတ်ချက်ကို တရုတ်အစိုးရက ပါကစ္စတန်အစိုးရကို အသိပေးထားပြီးဖြစ်သည်။

ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် ပါကစ္စတန်နိုင်ငံသည် စီးပွားရေးအခြေအနေတည်ငြိမ်ရေးအတွက် ကြိုးစားရုန်းကန်နေရဆဲ ဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာရေး အကျပ်အတည်းကို ကျော်ဖြတ်နိုင်ရေးအတွက် ပါကစ္စတန်နိုင်ငံအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ဘဏ္ဍာရေးအကူအညီ ဒေါ်လာ သုံးဘီလီယံကတိကဝတ်ကိုရရှိထားသည်။

နောင်ပေါ်ထွက်လာမည့် ပါကစ္စတန်အစိုးရသစ်အတွက်နိုင်ငံတကာ မြီရှင်များထံမှ ဘဏ္ဍာရေးအကူအညီများရယူနိုင်ရေးမှာ အရေးအကြီးဆုံးဦးစားပေးတာဝန်တစ်ရပ်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## လာမည့်နှစ်နှစ်မှ သုံးနှစ်အတွင်း အိုအီးစီဒီ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အင်ဒိုနီးရှားရည်ရွယ်ထား

**ဂျကာတာ ဖေဖော်ဝါရီ ၂၉**

လာမည့်နှစ်နှစ်မှ သုံးနှစ်အတွင်း ပြင်သစ်နိုင်ငံ ပဲရစ်အခြေစိုက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)အဖွဲ့ဝင်အဖြစ်ရပ်တည်နိုင်ရန် အင်ဒိုနီးရှားနိုင်ငံကရည်ရွယ်ထားကြောင်း ယနေ့သတင်းများ၌ ရေးသားတင်ပြထားသည်။

နောက်လာမည့် နှစ်နှစ် သုံးနှစ်အတွင်း အိုအီးစီဒီ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ရေးရည်မှန်းချက်ကို အင်ဒိုနီးရှားအစိုးရ စီးပွားရေးဝန်ကြီး အာလန်ဂါဟာတာတိုက ဖေဖော်ဝါရီ ၂၈ ရက် သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် အိုအီးစီဒီ၏စံနှုန်းများကို လိုက်နာဖြည့်ဆည်းထားပြီးဖြစ်ရာလာမည့် နှစ်နှစ်မှသုံးနှစ်အတွင်း အိုအီးစီဒီအဖွဲ့ဝင်ဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အိုအီးစီဒီ၌ ပါဝင်ခွင့်ရရှိရေး အဆိုပြုလွှာကိုထားချက်ကို ယခုနှစ်မေလအတွင်း ကျင်းပမည့် အိုအီးစီဒီဝန်ကြီးအဆင့် အစည်းအဝေး၌တင်ပြရန် အင်ဒိုနီးရှားနိုင်ငံက ရည်ရွယ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိုအီးစီဒီအဖွဲ့ဝင်အဖြစ်ပါဝင်ရန် အဆိုပြုလွှာတင်ထားသည့် ပထမဆုံး အရှေ့တောင်အာရှ နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားနှင့်ယူကရိန်းနိုင်ငံသားများအတွက် ကာလရှည်ဗီဇာအခမဲ့ထုတ်ပေးမှု သီရိလင်္ကာနိုင်ငံရပ်ဆိုင်းမည်

**ကိုလံဘို ဖေဖော်ဝါရီ ၂၉**

ပြီးခဲ့သည့် နှစ်နှစ်အတွင်း သီရိလင်္ကာနိုင်ငံ၌ နေထိုင်ခဲ့ကြသော ရုရှားနှင့်ယူကရိန်းနိုင်ငံသားများအတွက် ကာလရှည်ဗီဇာများ အခမဲ့ထုတ်ပေးထားမှုကို ရပ်ဆိုင်းရန် သီရိလင်္ကာအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် သီရိလင်္ကာအစိုးရသည် ရုရှားနှင့် ယူကရိန်းနိုင်ငံသားများကို ဗီဇာအတွက် ငွေပေးချေရန်မလိုဘဲ နေထိုင်ခွင့်ပေးခဲ့သည်။

သို့သော် သီရိလင်္ကာအစိုးရအနေဖြင့် ရုရှားနှင့် ယူကရိန်းနိုင်ငံသားများအတွက် ဗီဇာကြေးအခမဲ့ထုတ်ပေးမှုကိုရပ်ဆိုင်း၍ ဗီဇာကြေးကောက်ခံရန် ဆုံးဖြတ်ထားကြောင်း သီရိလင်္ကာအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။




သီရိလင်္ကာအစိုးရ၏ ဆုံးဖြတ်ချက်အရ ရုရှားနှင့် ယူကရိန်းနိုင်ငံသားများသည် ရက် ၃၀ သက်တမ်းရှိဗီဇာအတွက် အမေရိကန်ဒေါ်လာ ၅၀ ခန့် ဗီဇာကြေးပေးဆောင်ရမည်ဖြစ်သည်။

ဗီဇာသစ် ထပ်မံလျှောက်ထားရန်အစီအစဉ်မရှိသည့် ယူကရိန်းနှင့် ရုရှားနိုင်ငံသားများအနေဖြင့် မတ် ၇ ရက် နောက်ဆုံးထား၍ သီရိလင်္ကာမှ ထွက်ခွာပေးရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှစ၍သီရိလင်္ကာနိုင်ငံ၌ နေထိုင်ကြသည့် ရုရှားနှင့်ယူကရိန်းနိုင်ငံသားအရေအတွက်မှာ ၃၀၀ မှ ၄၀၀၀ထိရှိနိုင်ကြောင်း သီရိလင်္ကာအစိုးရတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## မော်တော်ယာဉ်တစ်စီးကဲ့သို့ မောင်းနှင်နိုင်ပြီး ဆိုင်ကယ်တစ်စီးကဲ့သို့ရပ်ထားနိုင်သော ချုံ့ခေါက်၍ရသည့်လျှပ်စစ်ကားတစ်မျိုး ယခုနှစ် နွေဦးရာသီတွင် ပေါ်ထွက်လာမည်




**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၉**

မော်တော်ယာဉ် တစ်စီးကဲ့သို့ မောင်းနှင်နိုင်ပြီး ဆိုင်ကယ်တစ်စီး ကဲ့သို့ရပ်ထားနိုင်သော ချုံ့ခေါက်၍ရသည့် လျှပ်စစ်ကားအမျိုးအစားသစ်တစ်မျိုး ယခုနှစ် နွေဦးရာသီတွင် ပေါ်ထွက်လာမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်သတင်းများအရ သိရသည်။

CT-2 အမည်ရှိ အဆိုပါ ချုံ့ခေါက်၍ရနိုင်သော လျှပ်စစ်ကားကို အစ္စရေးနိုင်ငံအခြေစိုက် စီးတီးထရန်စဖော်မာအမည်ရှိ ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အနံအားဖြင့် ၄ ဒသမ ၅ ပေရှိသော CT-2 လျှပ်စစ်ကားသည် ယာဉ်အရွယ်အစားကို အနံ ၃ ဒသမ ၂ ပေထိ ကျုံ့ပေးနိုင်သည်ဖြစ်ရာ ကျဉ်းမြောင်းသောနေရာများ၌ ကားရပ်နားထားနိုင်ကြောင်း သိရသည်။

သို့ရာတွင် CT-2 လျှပ်စစ်ကားများသည် အခြားလျှပ်စစ်ကားများထက် ပို၍နှေးကွေးပြီး အကြီးဆုံးအရွယ်အစားတွင် တစ်နာရီ ၅၅ မိုင်နှုန်းကို ငါးစက္ကန့်အကြာမှသာ ရောက်ရှိနိုင်ပြီး ကျုံ့ထားသည့် အရွယ်အစားတွင်မူ တစ်နာရီ ၂၄ မိုင်နှုန်းကို ငါးစက္ကန့်ကြာမှသာ ရောက်နိုင်သည်။

စီးတီးထရန်စဖော်မာကုမ္ပဏီသည် ၎င်း၏ CT-2 မျိုးဆက်သစ်လျှပ်စစ်ကားများကို ယခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာတစ်ဝန်း ဖြန့်ချိရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

CT-2 လျှပ်စစ်ကားတစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၄၀၀ ထိရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပန်ကရိယအင်္ဂါပတ်လည်၌ အဆီစုစည်းမှုလွန်ကဲခြင်းက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားခြင်းနှင့်ဆက်စပ်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂၉**

ပန်ကရိယအင်္ဂါ ပတ်လည်၌ အဆီစုစည်းမှု လွန်ကဲခြင်းသည် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် ပန်ကရိယအင်္ဂါ ပတ်လည်၌ အဆီစုစည်းမှုလွန်ကဲခြင်းကြောင့် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုကို အမျိုးသမီးများတွင် မတွေ့ရဘဲ အမျိုးသားများတွင်သာ တွေ့ရကြောင်း အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းအရွယ် အမျိုးသားများ၌ ပန်ကရိယအင်္ဂါပတ်လည် အဆီစုစည်းမှု လွန်ကဲခြင်းသည် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းမှု၊ ဦးနှောက်ထုထည် ကျဆင်းမှုတို့နှင့်ဆက်စပ်နေကြောင်း အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါ ရှိခဲ့ဖူးသူ မိခင်၊ဖခင်များက မွေးဖွားလာသော သက်လတ်ပိုင်းအရွယ် လူပေါင်း ၂၀၄ ဦးကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပန်ကရိယအင်္ဂါပတ်လည် အဆီစုစည်းမှုလွန်ကဲခြင်းသည် ဦးနှောက်ထုထည်နှင့် တွေးတောဆင်ခြင်နိုင်စွမ်း ကျဆင်းမှုတို့နှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ကိုယ်တွင်းအင်္ဂါပတ်လည် အဆီစုစည်းမှုလွန်ကဲခြင်း၏ ဆိုးကျိုးများကို အမျိုးသမီးများထက် အမျိုးသားများက ပိုခံစားရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Cosmos 2221 ရုရှားသက်မဲ့သူလျှိုဂြိုဟ်တုတစ်စင်းက နာဆာ၏ ကမ္ဘာ့လေထုလွှာလေ့လာရေးဂြိုဟ်တုကို အနီးကပ်ဖြတ်ကျော်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၉**

Cosmos 2221 အမည်ရှိ ရုရှားသက်မဲ့သူလျှိုဂြိုဟ်တု တစ်စင်းသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကမ္ဘာ့လေထုလွှာ လေ့လာရေးဂြိုဟ်တုကို အနီးကပ်ဖြတ်ကျော်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်သတင်းများအရ သိရသည်။

ရုရှားသက်မဲ့သူလျှိုဂြိုဟ်တုနှင့် နာဆာ၏ TIMED အမည်ရှိ ကမ္ဘာ့လေထုလွှာလေ့လာရေးဂြိုဟ်တုတို့ တစ်စင်းနှင့်တစ်စင်း အနီးကပ်ဖြတ်သန်းမှုသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရုရှားသူလျှိုဂြိုဟ်တုနှင့် TIMED ဂြိုဟ်တုတို့သည် တစ်စင်းနှင့် တစ်စင်း ၆၅ ပေခန့်အကွာမှဖြတ်ကျော်ပျံသန်းခဲ့ကြကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



အဆိုပါဂြိုဟ်တုနှစ်စင်း အနီးကပ်ဖြတ်သန်းမှုသည် ကမ္ဘာမြေပြင်အထက် ၃၇၈ မိုင်ခန့်အကွာပတ်လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နာဆာသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဥရောပအာကာသအေဂျင်စီ၏ အဆိုအရ ကမ္ဘာပတ်လမ်းများပေါ်၌ ဂြိုဟ်တု ၁၁၅၀၀ ခန့်ရှိသော်လည်း ဂြိုဟ်တု ၉၀၀၀ ခန့်သာ လုပ်ငန်းလည်ပတ်နေသည်။

ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ဂြိုဟ်တုစင်းရေ များပြားလာသည်နှင့်အမျှ ဂြိုဟ်တုတစ်စင်းနှင့် တစ်စင်း အနီးကပ်ဖြတ်ကျော်မှုများလည်း အဖြစ်များလာလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လေထုညစ်ညမ်းမှုနှင့်ရေရှည်ထိတွေ့မှုကြောင့် ရင်သားကင်ဆာနှင့်ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၉**

လေထုညစ်ညမ်းမှုပြဿနာနှင့် ရေရှည်ထိတွေ့မှုကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေနှင့် ဆီးကျိတ်ကင်ဆာ ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

လေထုညစ်ညမ်းမှု ပြဿနာသည် အဆုတ်ရောဂါများနှင့် ဆက်စပ်နေရုံသာမက ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာရောဂါများ အပါအဝင် ကင်ဆာရောဂါများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုပြဿနာကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ ၄၅ ရာခိုင်နှုန်း မြင့်မားလာနိုင်ပြီး ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေမှာ ၂၀ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းထိ မြင့်မားလာတတ်ကြောင်း သိရသည်။

ထို့ပြင် လေထုညစ်ညမ်းမှု ပြဿနာနှင့် ရေရှည်ထိတွေ့မှုကြောင့် ရင်သားကင်ဆာရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေထုညစ်ညမ်းမှုနှင့် ရေရှည် ထိတွေ့နေသူများသည် လေထုညစ်ညမ်းမှု ပြဿနာနှင့် ရင်ဆိုင်နေရခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက ကင်ဆာရောဂါတစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုများကြောင်းလည်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## သက်ရှိများရှင်သန်နိုင်ဖွယ်ရှိသည့်ဂြိုဟ်တစ်စင်းအဖြစ် သတ်မှတ်ခံထားရသော ထရက်ပစ်-၁ အီးဂြိုဟ်က ကိုယ့်လေထုလွှာ ကိုယ်တိုင်ဖျက်ဆီးနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၉**

သက်ရှိများ ရှင်သန်နိုင်ဖွယ်ရှိသည့်ဂြိုဟ်တစ်စင်းအဖြစ် သတ်မှတ်ခံထားရသော ထရက်ပစ်-၁ အီး အမည်ရှိဂြိုဟ်သည် ကိုယ့်လေထုလွှာ ကိုယ်တိုင်ဖျက်ဆီးနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

ကိုယ့်လေထုလွှာ ကိုယ်ပြန်ဖျက်ဆီးနေမှုကြောင့် ထရက်ပစ်- ၁ အီးဂြိုဟ်သည် သက်ရှိများရှင်သန်နိုင်စွမ်း မရှိသည့် ဂြိုဟ်တစ်စင်းအဖြစ် တစ်ချိန်ချိန်တွင် ပြောင်းလဲသွားနိုင်သည်။

ထရက်ပစ်-၁ အီးဂြိုဟ်သည် မိခင်ကြယ်ကို ဗဟိုပြုလှည့်ပတ်နေစဉ် ပေါ်ထွက်လာသည့် လျှပ်စစ်စီးကြောင်းများကြောင့် လေထုလွှာ ပျက်စီးနေခြင်း ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထရက်ပစ်-၁ အီး ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀ အကွာတွင်ရှိသော ထရက်ပစ်-၁ အမည်ရှိ အနီရောင်ကြယ်သိမ် တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေခြင်းဖြစ်သည်။

ထရက်ပစ်-၁ အီး ဂြိုဟ်သည် ထရက်ပစ်-၁ အနီရောင်ကြယ်သိမ်ကို ဗဟိုပြုလှည့်ပတ်နေသည့် စတုတ္ထမြောက်ဂြိုဟ်ဖြစ်သည်။

ထရက်ပစ်-၁ အီးဂြိုဟ်သည် မိခင်ကြယ်ကို နေနှင့်ကမ္ဘာကြားအကွာအဝေး၏ သုည ဒသမ ၀၂၈ ဆ အကွာမှဗဟိုပြု၍ မြေကမ္ဘာရက် ၆ ဒသမ ၁ ရက်လျှင် တစ်ပတ်နှုန်း လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

ML

**နယူးကာဆယ် Vs ဝုဗ်**

**ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ၂ - ၂ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| ဝုဗ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

နယူးကာဆယ်အသင်းဟာ ရလဒ်တည်ငြိမ်ဖို့ရုန်းကန်နေရပေမဲ့ အခုပွဲစဉ်မှာ တိုက်စစ်က ဂေါ်ဒွန်၊ အစ်ဆက်ခ်တို့ ပြန်လည်ပါဝင်မှာဖြစ်လို့ တိုက်စစ်အားကောင်းလာမှာဖြစ်ပါတယ်။ ဝုဗ်အသင်းကတော့ အဝေးကွင်းခံစစ်ပိုင်းအမှားများတတ်တာကြောင့် အခုပွဲစဉ်မှာ နယူးကာဆယ်တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် နယူးကာဆယ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နယူးကာဆယ် ၂ - ၁ ဝုဗ်**

**စပါး Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၁ - ၂ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |
| ပဲလေ့စ် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

စပါးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ မထင်မှတ်ဘဲရှုံးခဲ့လို့ အခုပွဲစဉ်ကို အာရုံစိုက်ကစားပြီး ချန်ပီယံလိဂ်ဝင်ခွင့်ကြိုးပမ်းရမှာဖြစ်ပါတယ်။ ပဲလေ့စ်ကတော့ နည်းပြပြောင်းလဲပြီးနောက်ပိုင်း ကစားပုံတိုးတက်လာခဲ့ပေမဲ့ အဝေးကွင်းအသင်းလိုက်စွမ်းဆောင်ရည် ကျဆင်းနေတာကြောင့် ဆွန်ဟောင်မင်၊ ကူလူဆက်စကီး၊ ရစ်ချာလီဆန်တို့ကို ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တိုက်စစ်မြင့်လာမဲ့ စပါးနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - စပါး ၃ - ၁ ပဲလေ့စ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

ML

**တိုရီနို Vs ဖီအိုရင်တီးနား**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖီအိုရင်တီးနား ၁ - ၀ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဖီအိုရင်တီးနား | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

တိုရီနိုအသင်းဟာ တိုက်စစ်ကစားပုံထက်မြက်လာပေမဲ့ ခံစစ်ပိုင်း လိုအပ်ချက်ရှိနေသေးတာကြောင့် နောက်ဆုံးနှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့တာဖြစ်ပါတယ်။ ဖီအိုရင်တီးနားကတော့ အိမ်ကွင်းကစားပုံတည်ငြိမ်ပေမဲ့ အဝေးကွင်းနောက်ဆုံးသုံးပွဲမှာ နိုင်ပွဲမရခဲ့ဘဲ ပေးဂိုးများနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ အနိမ့်ဆုံးရမှတ်ခွဲယူဖို့ကြိုးစားမဲ့ တိုရီနိုကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - တိုရီနို ၂ - ၁ ဖီအိုရင်တီးနား**

### အားကစားသတင်း အတိုအထွာများ

- အယ်ရှာဘတ်အသင်းကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် အောင်ပွဲခံခဲ့သည့် အမှုအရာကြောင့် တိုက်စစ်မှူးစီရော်နယ်ဒိုကို ဆော်ဒီဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တစ်ပွဲပယ်ဖြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက နည်းပြဟိုဝီ၏နေရာတွင် နာဂျယ်စမန်းနှင့် အစားထိုးနိုင်ရန် ကြိုးပမ်းနေပြီး ဂျာမနီလက်ရွေးစင်အသင်းနှင့် နာဂျယ်စမန်းတို့၏ သက်တမ်းတိုးကိစ္စကို စောင့်ကြည့်လျက်ရှိသည်။ ML

## အမျိုးသမီးနေးရှင်းလိဂ်ပြိုင်ပွဲတွင် ပြင်သစ်အသင်းကိုအနိုင်ယူ၍ စပိန်အသင်းဆုဖလားဆွတ်ခူး




**မက်ဒရစ် ဖေဖော်ဝါရီ ၂၉**

၂၀၂၃-၂၀၂၄ အမျိုးသမီးနေးရှင်းလိဂ်ပြိုင်ပွဲတွင် စပိန်အမျိုးသမီးအသင်းက ပြင်သစ်အမျိုးသမီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဒုတိယမြောက်ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

စပိန်အသင်းသည် နေးရှင်းနယ်လိဂ်(A)အုပ်စု(၄)တွင် အီတလီ၊ ဆွီဒင်၊ ဆွစ်ဇာလန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ငါးပွဲနိုင် တစ်ပွဲရှုံးဖြင့် ရမှတ် ၁၅ မှတ်ရရှိခဲ့သောကြောင့် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်တွင် လိဂ်(A)အုပ်စု(၁)မှ အုပ်စုပထမဖြင့် တက်ရောက်လာသည့် နယ်သာလန်အသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

အခြားတစ်ဖက်မှ ပြင်သစ်အသင်းကလည်း လိဂ်(A)အုပ်စု(၂)တွင် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ကာ ဂျာမနီအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ပြီး စပိန်အသင်းနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

စပိန်အမျိုးသမီးအသင်းသည် ဗိုလ်လုပွဲစဉ်ကို အိမ်ကွင်းတွင် လက်ခံကျင်းပခွင့်ရသည့်အတွက် ပွဲစကတည်းက ပြင်သစ်အမျိုးသမီးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဂိုးပေါက် ခြိမ်းခြောက်မှုအသာဖြင့် တိုက်စစ်ဆင်နိုင်ခဲ့သဖြင့် ပွဲကစားချိန် ၃၂ မိနစ်တွင် ဘွန်မာတီက ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ပြင်သစ်အသင်းက ချေပဂိုးရရှိရေး လူစားလဲမှုပြုလုပ်ခဲ့သော်လည်း စပိန်အသင်းက ကစားအားကျဆင်းသွားခြင်းမရှိဘဲ တိုက်စစ်ကစားပုံတိုးတက်လာခဲ့ရာ ပွဲချိန် ၅၃ မိနစ်တွင် မာရီအိုနာက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် စပိန်အမျိုးသမီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုဖလားရရှိခဲ့ပြီးနောက် ဒုတိယမြောက် ဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၄ ပြင်သစ်အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## HSBC Women's World Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ဂေါက်သီးရိုက်မယ် ဆာရာရှမယ်ဇယ် ဦးဆောင်

**စင်ကာပူ ဖေဖော်ဝါရီ ၂၉**

စင်ကာပူနိုင်ငံတွင် ကျင်းပနေသည့် HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်မယ် ဆာရာရှမယ်ဇယ်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူ၊ ဆွီဒင်ဂေါက်သီးရိုက်မယ် လင်ဂရန်နှင့် ဂျာမနီဂေါက်သီးရိုက်မယ် ဟန်ဆယ်လိုက်တို့က သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးခဲ့ဖူးသည့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုမှာ ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်သာလျော့ရိုက်နိုင်ခဲ့ပြီး အမှတ်ပေးဇယား၏ T10 နေရာတွင်ရပ်တည်လျက်ရှိသည်။

ပထမနေ့တွင် ပြိုင်ပွဲဝင်များအနေဖြင့် ရလဒ်ကောင်းရရှိရန် ကြိုးစားခဲ့ကြရပြီး ရိုက်ချက်ကွာဟမှုများကျဉ်းမြောင်းခဲ့သည်။

ဆာရာရှမယ်ဇယ်က"ပထမနေ့မှာရရှိခဲ့တဲ့ ရလဒ်နဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားမိပါတယ်။ အခုလောက်ထိ ကစားနိုင်မယ်လို့မျှော်လင့်မထားပါဘူး။ နောက်နေ့တွေမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာတော့ စောင့်ကြည့်သွားရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် ဖေဖော်ဝါရီ ၂၉**

အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်တွင် မန်ယူအသင်းက နော်တင်ဟမ်အသင်းကို လည်းကောင်း၊ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို လည်းကောင်း အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ် အဆင့်တွင် ထိပ်တိုက် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပဉ္စမအဆင့်တွင် မန်ယူအသင်းသည် နော်တင်ဟမ်အသင်းကို အကြိတ်အနယ် ကစားခဲ့ရပြီး ပွဲကစားချိန် ၈၉ မိနစ်တွင် ကက်စမဲရိုး၏ နောက်ကျသွင်းဂိုးဖြင့် အနိုင်ရခဲ့ကာ ကွာတားအဆင့်သို့ တက်ရောက်ခဲ့ပြီး လူငယ်ကစားသမားများဖြင့် ပွဲထွက်လာသည့် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သဖြင့် ကွာတားအဆင့်တွင် မန်ယူအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် အက်ဖ်အေဖလားသမိုင်းတွင် ဆုဖလား ၁၂ ကြိမ်ထိရရှိထားပြီး လီဗာပူးအသင်းက ရှစ်ကြိမ်ရရှိထားကာ လက်ရှိခြေစွမ်းပိုင်းအရ လီဗာပူးအသင်းက မန်ယူအသင်းထက်သာလွန်နေသော်လည်း ကွာတားဖိုင်နယ်ပွဲစဉ်ကို လာမည့်မတ် ၁၆ ရက်တွင် မန်ယူအသင်းအိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

ကွာတားဖိုင်နယ် အဆင့်တွင် ဝုဗ်အသင်းက ကိုဗင်ထရီအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ချဲလ်ဆီးအသင်းက လက်စတာအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊လက်ရှိချန်ပီယံ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို အိမ်ကွင်းတွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်များကို လာမည့် မတ် ၁၆ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဥရောပထိပ်တန်းလိဂ်ငါးခုတွင် စွမ်းဆောင်ရည်အကောင်းဆုံး အသင်းအဖြစ် အင်တာမီလန်အသင်း ထိပ်ဆုံး၌ရပ်တည်



**ရောမ ဖေဖော်ဝါရီ ၂၉**

အင်တာမီလန် အသင်းသည် အီတလီစီးရီးအေ ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အတ္တလန်တာအသင်းနှင့်ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် လက်ရှိ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် စွမ်းဆောင်ရည် အကောင်းဆုံး အသင်းအဖြစ် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြ အင်ဇာဂီလက်အောက်တွင် ပုံစံကောင်းများ ဆက်တိုက်ပြသလျက်ရှိနေပြီး အီတလီစီးရီးအေပြိုင်ပွဲ ၂၆ ပွဲ ကစားပြီးချိန်တွင် ၂၂ ပွဲနိုင် သုံးပွဲသရေနှင့် တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၆၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ဂျူဗင်တပ်အသင်းကို ရမှတ် ၁၂ မှတ်အသာဖြင့် ဦးဆောင်လျက်ရှိနေသည်။

အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကလည်း နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်လေးပွဲဆက် တစ်ပွဲလျှင် လေးဂိုးစီ သွင်းယူနိုင်ခဲ့ကာ စီးရီးအေပြိုင်ပွဲ ၂၆ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၆၇ ဂိုးထိရရှိထားပြီး ဥရောပထိပ်တန်း လိဂ်ငါးခုတွင် တိုက်စစ်ပိုင်း စွမ်းဆောင်ရည် အကောင်းဆုံးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အသင်းခံစစ်ပိုင်းသည်လည်း ဥရောပထိပ်တန်း လိဂ်ငါးခုတွင် အကောင်းဆုံးခံစစ်အဖြစ် ရပ်တည်နေပြီး အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ် ၂၆ ပွဲ ကစားပြီးချိန်တွင် ၁၂ ဂိုး တည်းသာပေးခဲ့ရခြင်းဖြစ်သည်။

အင်တာမီလန် အသင်းသည် စီးရီးအေပြိုင်ပွဲအပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပုံစံကောင်းများ ပြသနိုင်ခဲ့ပြီး အုပ်စု ခြောက်ပွဲ ကစားခဲ့ရာ သုံးပွဲနိုင် သုံးပွဲသရေ ရှုံးပွဲမရှိခဲ့ဘဲ ၁၆ သင်း ရှုံးထွက်အဆင့်တက်ရောက်ခဲ့ကာ ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင်လည်း အေတီကိုအသင်းကို အနိုင်ရရှိထားပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်ရန်အခွင့်အရေးများရှိနေကြောင်း သိရသည်။

Ref : RT

Trs : STA

# Mexican Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဂျက်ဒရပ်ပါနှင့် ဒီမီနောတို့တက်ရောက်

**အကာပူလ်ကို ဖေဖော်ဝါရီ ၂၉**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့တွင် ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် ဂျပန်တင်းနစ်ကစားသမား နီရှီအိုကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျက်ဒရပ်ပါက (၆-၃ ၊ ၆-၀) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ဒရပ်ပါသည် ဒုတိယအဆင့်ပြီးဆုံးသည်ထိ အကောင်းဆုံးလက်စွမ်းပြနေသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဗြိတိန်အဆင့်(၃)နေရာတွင် ရပ်တည်နေသလို ကမ္ဘာ့အဆင့်(၈၂) နေရာတွင် ရပ်တည်လာနိုင်ခဲ့သည်။

အသက် ၂၂ နှစ်အရွယ် ဂျက်ဒရပ်ပါသည် ဒုတိယအဆင့်ပွဲစဉ်ပြီးဆုံးသည်ထိ အမှားအယွင်းနည်းခဲ့ပြီး နီရှီအိုကာကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျက်ဒရပ်ပါသည် ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားကက်မာနိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသော ဒုတိယပွဲစဉ်တစ်ပွဲအဖြစ် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသည့် ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနောသည် ဒုတိယအဆင့်တွင် ဩစတြီးယားတင်းနစ်ကစားသမား အော့နာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒီမီနောက(၆-၁ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ခွင့်ရခဲ့သည်။

ဒီမီနောသည် ကွာတားဖိုင်နယ်အဆင့်တွင် ဂရိအဆင့်(၁)တင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : AZL

# တားမြစ်ဆေးသုံးစွဲမှုကြောင့် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာ ဘောလုံးလောကမှ လေးနှစ်ပိတ်ပင်ခံရ



**ရောမ ဖေဖော်ဝါရီ ၂၉**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမားပေါ့ဂ်ဘာသည် တားမြစ်ဆေးသုံးစွဲမှုကြောင့် အီတလီနိုင်ငံ တားမြစ်ဆေးတိုက်ဖျက်ရေးအဖွဲ့က ဘောလုံးလောကမှ လေးနှစ်ပိတ်ပင်သည့်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

အသက် ၃၀ နှစ်ရှိ ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ အသင်းဟောင်း ဂျူဗင်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရသည့်အတွက် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားနိုင်ခဲ့သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း နှစ်ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ်လက ဂျူဗင်တပ်အသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် ဆေးစစ်မှုများပြုလုပ်ခဲ့ရာ၌ ပေါ့ဂ်ဘာအနေဖြင့် တားမြစ်ဆေးတစ်မျိုးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဘောလုံးလောကမှ အနားယူနေခဲ့ရသူဖြစ်သည်။

အစောပိုင်းက ပေါ့ဂ်ဘာက တားမြစ်ဆေး သုံးစွဲခြင်းမရှိခဲ့ဘဲ အမေရိကန်နိုင်ငံထုတ် ခွန်အားဖြည့်ဆေးတစ်မျိုး သုံးစွဲခဲ့ခြင်းဖြစ်သည်ဟု ငြင်းဆန်ခဲ့သော်လည်း အကြိမ်ကြိမ်ဆေးစစ်မှုများပြုလုပ်ခဲ့ရာတွင် တားမြစ်ဆေးသုံးစွဲခဲ့ကြောင်း တွေ့ရှိခဲ့သောကြောင့် ယခုအခါ လေးနှစ်ဘောလုံးလောကမှ ပိတ်ပင်သည့်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : STA

# စပိန်လာလီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

STA

ဂီတာဖေး Vs လက်စ်ပါးမက်

**ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၄ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်စ်ပါးမက် ၂ - ၀ ဂီတာဖေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| လက်စ်ပါးမက် | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဂီတာဖေးအသင်းဟာ လက်စ်ပါးမက်အသင်းကိုအကောင်းဆုံးဖိအားပေးနိုင်မှာပါ။ လက်ရှိ လက်စ်ပါးမက်အသင်းရဲ့အဝေးကွင်း ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိပါဘူး။ဒါကြောင့် အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဂီတာဖေးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဂီတာဖေး ၂ – ၁ လက်စ်ပါးမက်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

STA

ကလဲယားမောင့် Vs မာဆေး

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၂ – ၀ ကလဲယားမောင့်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | – | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| မာဆေး | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီးပုံစံကောင်းပြသနေတဲ့ မာဆေးအသင်းဟာ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ကလဲယားမောင့်အသင်းကတော့ ခြေစွမ်းပိုင်းဆိုးရွားနေပါတယ်။ ဒါကြောင့် မာဆေးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ကလဲယားမောင့် ၀ – ၂ မာဆေး**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

STA

ဘိုချမ် Vs လိုက်ပ်ဇစ်

**ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၀ – ၀ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| လိုက်ပ်ဇစ် | – | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံတွေ့ထားတဲ့ လိုက်ပ်ဇစ်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဘိုချမ်အသင်းက ဘိုင်ယန်မြူနစ်အသင်းကို အနိုင်ရရှိခဲ့တယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုချမ် ၁ – ၃ လိုက်ပ်ဇစ်**

ယူနီယံဘာလင် Vs ဒေါ့မွန်

**ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၄ – ၂ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |
| ဒေါ့မွန် | – | ဝေး(သရေ) | ဝေး(သရေ) | အိမ်(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒေါ့မွန်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ ယူနီယံဘာလင်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ ခံစစ်ပိုင်းကစိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒေါ့မွန်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ယူနီယံဘာလင် ၁ – ၂ ဒေါ့မွန်**

# စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်လျက်ရှိသော BRI

မောင်စိန်အိ(နဘဲမြေ)




အရှေ့အာဖရိကဒေသရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့်အပြင် တောင်ကုန်းတောင်တန်း ထောင်ပေါင်းများစွာရှိသည့် နိုင်ငံအဖြစ်လည်း လူသိများသည့် ရဝမ်ဒါနိုင်ငံသည် ကမ္ဘာ့ကော်ဖီစိုက်ပျိုးမှု ဦးဆောင်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည်။ တိုင်းပြည်အတွင်းရှိ ပြည်သူဦးရေ ၃၀ လျှင် တစ်ဦးနှုန်းသည် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။ သို့သော် ယခင်က ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ မရှိသည့်အတွက် ရဝမ်ဒါ၏ ကော်ဖီစေ့များ ပြည်ပသို့တင်ပို့ရာတွင် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ တရုတ်ဈေးကွက်သို့ရောက်ရှိရေး လက်ကားရောင်းချသူများထံသို့ အဆင့်ဆင့်ဖြတ်သန်းသွားရလျက်ရှိသည်။

သို့သော် ၂၀၁၈ ခုနှစ်တွင် တရုတ်နှင့် ရဝမ်ဒါနိုင်ငံတို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) အရ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ BRI သည် ရှေးခေတ်ပိုးလမ်းမတစ်လျှောက် ချိတ်ဆက်မှုများလုပ်ဆောင်သွားရန် ရည်မှန်းထားရှိသည်။ ထိုနှစ်၌ပင် ရဝမ်ဒါနိုင်ငံသည် အီလက်ထရွန်နစ်ကမ္ဘာ့ကုန်သွယ်မှု ပလက်ဖောင်းသို့ ပူးပေါင်းပါဝင်သည့် အာဖရိက၏ ပထမဆုံးသောနိုင်ငံဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံ၏အီလက်ထရွန်နစ် ကုန်သွယ်မှုအကြီးစားကုမ္ပဏီကြီး Alibaba က ဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ်ကုန်သွယ်မှုအတွက် မူဘောင်တစ်ရပ်ပင်ဖြစ်သည်။ ထိုအချိန်မှစ၍ ရဝမ်ဒါ၏ကော်ဖီစေ့များသည် အီလက်ထရွန်နစ်ကုန်သွယ်မှုပလက်ဖောင်းမှတစ်ဆင့် တရုတ်ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်လာနိုင်ခဲ့သည်။ တိုက်ရိုက်အုပ်ချုပ်ထောက်ပံ့မှုကွင်းဆက်များသည် ရဝမ်ဒါ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကို လက်ရှိအချိန်တွင် ၎င်းတို့ရောင်းချသော ကော်ဖီတစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ လေးဒေါ်လာ ပိုမိုရရှိလျက်ရှိသည်။

ရဝမ်ဒါနိုင်ငံမှကော်ဖီများသည် လက်ရှိအချိန်တွင် တရုတ်နိုင်ငံ စားသုံးသူများ၏ ကော်ဖီခွက်များတွင် ပြည့်နေပြီဖြစ်သလို ရှေးခေတ်ပိုးလမ်းမတွင် အဓိကလူသုံးကုန်ပစ္စည်းဖြစ်သည့် တရုတ်လက်ဖက်သည် ခေတ်သစ် BRI တစ်လျှောက်ရှိနိုင်ငံများသို့ ရောင်းချလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်လက်ဖက်သည် လွန်ခဲ့သောဆယ်စုနှစ်ကစတင်ခဲ့သည့် တရုတ်-ဥရောပကုန်သွယ်မှုရထားလမ်းများဖြင့် ရုရှားသို့တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ရုရှားနိုင်ငံသို့ လက်ဖက်တန်ချိန် ၁၉၇၀၀ တင်ပို့နိုင်ခဲ့သဖြင့် နှစ်စဉ် ကိုးရာခိုင်နှုန်းတိုးတက်လျက်ရှိကြောင်း တရုတ်အကောက်ခွန်ဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

BRI မူဘောင်အရ မိတ်ဖက်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် တရုတ်၏စီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေးသည် လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလအတွင်း ပိုမိုတောင့်တင်း ခိုင်မာလာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်ထိ ပေကျင်းမြို့၌ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမဖိုရမ် (BRF)သည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိလျက်ရှိသည်။

နိုင်ငံနှင့် ဒေသ ၈၂ ခုတို့မှ ကိုယ်စားလှယ်များပါဝင်သော အမှုဆောင်အရာရှိချုပ်များ ညီလာခံသည် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိသော သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ်နှင့် တရုတ်ပို့ကုန်-သွင်းကုန်ဘဏ်သည် BRI တွင်ပါဝင်သည့် နိုင်ငံများကို ဘဏ္ဍာရေးထောက်ပံ့ရေးအတွက် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၇၅ ဘီလီယံစီ ထူထောင်ပေးသွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင်ပြုလုပ်သည့် ညီလာခံဖွင့်ပွဲအခမ်းအနား၌ ကတိပြု ပြောကြားသွားသည်။

လာမည့် ငါးနှစ်ကျော်ကာလတွင် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၂ ထရီလီယံရှိပြီး ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ငါးထရီလီယံ ရှိလာမည်ဟု မျှော်မှန်းထားရှိသည်။ မကြာသေးမီနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတိုးတက်မှုနှုန်းသည် ကျဆင်းလာဖွယ်ရာရှိသော်လည်း တရုတ်နိုင်ငံနှင့် BRI နိုင်ငံများကြား ကုန်သွယ်မှုတန်ဖိုးသည် ပုံမှန်တိုးတက်လျက်ရှိသည်။

တရုတ်နိုင်ငံနှင့် BRI မိတ်ဖက်နိုင်ငံများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အပြန်အလှန်စီးပွားရေးနှင့် ကုန်သွယ်မှုတို့ တိုးတက်လာလျက်ရှိသည်။ တရုတ်နိုင်ငံသည် BRI နှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက် တွင် "အနာဂတ်မျှဝေခံစားမည့် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်း၏ အဓိကဒေါက်တိုင်" ဆိုသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံနှင့် BRI မိတ်ဖက်နိုင်ငံများကြား ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ် အတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ ထရီလီယံရှိကြောင်း အဆိုပါစာတမ်း၌ဖော်ပြထားသည်။ အဆိုပါကာလအတွင်း တရုတ်နိုင်ငံနှင့် BRI မိတ်ဖက်နိုင်ငံများကြား ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၈၀ ဘီလီယံရှိပြီး တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံ ရှိခဲ့သည်။

❖ BRI မူဘောင်အရ မိတ်ဖက်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် တရုတ်၏ စီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေးသည် လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလအတွင်း ပိုမိုတောင့်တင်းခိုင်မာလာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်ထိ ပေကျင်းမြို့၌ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမဖိုရမ် (BRF)သည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိလျက်ရှိသည်။ ❖

ထို့ပြင် ၂၀၂၃ ခုနှစ် ဇက်တင်ဘာလထိ တရုတ်နှင့် BRI မိတ်ဖက်နိုင်ငံများကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ထရီလီယံရှိခဲ့သဖြင့် ပြည်ပကုန်သွယ်မှုအားလုံး၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ တရုတ်-ဥရောပ ကုန်စည်တင်ပို့မှုရထားလမ်းများမှတစ်ဆင့် BRI ချိတ်ဆက်မှုများကို အဆင့်မြှင့်တင်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင်လည်း တရုတ်-လာအို ရထားလမ်းကို စတင်ဖွင့်လှစ်ပြေးဆွဲနိုင်ခဲ့သည်။ တရုတ်-ဥရောပ ကုန်စည်ရထားများသည် ၂၀၁၃ ခုနှစ်တွင် အကြိမ်ရေ ၈၀ သာပြေးဆွဲခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ မြို့ပေါင်း ၂၀၀ ကိုချိတ်ဆက်လျက် အကြိမ်ရေ ၁၆၀၀၀ ပြေးဆွဲနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သော တရုတ်-လာအို ရထားလမ်းသည် ကုန်စည်တန်ချိန်သန်း ၇၃၀ တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံသို့ ကုန်စည်တန်ချိန် ၆၆၃ သန်း တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် ခရီးသွားဦးရေ သုံးသန်းကျော် ပို့ဆောင်နိုင်ခဲ့သည့်အပြင် လာအိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်နိုင်ခဲ့သည်။

BRI သည် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် တံခါးဖွင့်ထားသည်။ တရုတ်နိုင်ငံကတည်ဆောက်ထားသော မွန်ဘာဆာ-နိုင်ရိုဘီ ရထားလမ်းသည် ကင်ညာနိုင်ငံမှ ကော်ဖီစေ့များ၊ ၎က်ပျောနှင့် ထောပတ်သီးများကဲ့သို့သော လယ်ယာထွက်ကုန်များကို တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။ တရုတ်နှင့် BRI မိတ်ဖက်များ ပူးတွဲတည်ဆောက်ထားသည့် စက်မှုဥယျာဉ်များသည် ပါဝင်ဆောင်ရွက်သည့်နိုင်ငံများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမြန်လမ်းပေါ်သို့ တင်ပို့ပေးလျက်ရှိသည်။ အီဂျစ်နိုင်ငံ Ain Sokhna ၌ ၂၀၀၈ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည့် တရုတ်-အီဂျစ် TEDA စူးအက်စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဇုန်သည် လက်ရှိအချိန်တွင် BRI မူဘောင်အောက်၌ အဓိကစီမံကိန်းတစ်ခု ဖြစ်လာပြီဖြစ်သည်။ အထည်အလိပ်နှင့် အိမ်တွင်းမှု အသုံးအဆောင်များအပါအဝင် တရုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ထုတ်လုပ်သောအမျိုးအမည် ၁၄၀ ကျော်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရရှိလျက်ရှိရာ လက်ရှိအချိန်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော်ရရှိနေပြီဖြစ်သည့်အပြင် ဒေသခံပြည်သူဦးရေ ၅၀၀၀၀ ခန့်ကို အလုပ်ခန့်အပ်ထားနိုင်ပြီးဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာများသည် တယ်လီဆက်သွယ်မှုနှင့် စိုက်ပျိုးရေး၊ အီလက်ထရွန်နစ်ကုန်သွယ်မှုကဲ့သို့သော နယ်ပယ်များတွင် ပံ့ပိုးကူညီခြင်းအားဖြင့် BRI နိုင်ငံများကြား ကွာဟချက်ကို လျှော့ချလျက်ရှိသည်။ စက္ကူဖြူစာတမ်းအရ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဇက်တင်ဘာလနှောင်းပိုင်းတွင် နိုင်ငံပေါင်း ၃၀ ကြား အီလက်ထရွန်နစ်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ ယန္တရားတစ်ရပ်ကို ထူထောင်ထားလျက်ရှိသည်။ Alibaba အပါအဝင် တရုတ်အီလက်ထရွန်နစ်ကုမ္ပဏီများသည် တရုတ်နှင့် BRI မိတ်ဖက်နိုင်ငံများကို ချိတ်ဆက်ထားသော ပြည်ပအုပ်ချုပ်ထောက်ပံ့မှု စင်တာများ ထူထောင်ထားရှိသည်။

ပိုးလမ်းမ အီလက်ထရွန်နစ် ကုန်သွယ်မှုသည် တရုတ်၏ကြီးမားသောဈေးကွက်ကို အကျိုးရှိစွာအသုံးပြုလျက်ရှိသည့်အပြင် ပြည်တွင်းစားသုံးမှုများကိုလည်း မြှင့်တင်လျက်ရှိသည်။ အီလက်ထရွန်နစ် ကုန်သွယ်မှုသည် ပါဝင်သည့်မိတ်ဖက်နိုင်ငံအားလုံး အခွင့်အလမ်းများပံ့ပိုးပေးလျက်ရှိသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

BRI ကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက်တရုတ်အာဏာပိုင်များသည် တရုတ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုတိုးချဲ့နိုင်ရေး၊ ကုန်သွယ်မှုဇုန်များတိုးချဲ့ရေး၊ မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် BRI နိုင်ငံများနှင့် ကုန်သွယ်မှုနှင့်ဆက်နွယ်သော စည်းမျဉ်းစည်းကမ်းများကို ပူးတွဲသုတေသနပြုဆောင်ရွက်သွားရန် လိုအပ်သည်။ စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

BRI နိုင်ငံများအနေဖြင့် အစိမ်းရောင်နည်းပညာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အထူးသဖြင့် သန့်ရှင်းသော စွမ်းအင်၊ ယာဉ်ယန္တရားအသစ်များ၊ အစိမ်းရောင်ဘဏ္ဍာငွေနှင့် အစိမ်းရောင်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းများ လုပ်ဆောင်သွားသင့်ပေသည်။ BRI ၏အခြေခံအဆောက်အအုံချိတ်ဆက်ဆောင်ရွက်မှုသည် ပါဝင်ဆောင်ရွက်နေသော နိုင်ငံများကို အခွင့်အလမ်းများစွာ ယူဆောင်လာနိုင်မည်ဖြစ်သည်။ အဆက်အသွယ်ဖြတ်တောက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်စေနိုင်ပေသည်။ ကမ္ဘာ့နိုင်ငံများကြား အဆက်အသွယ်ဖြတ်တောက်ခြင်းသည် ပြည်သူသန်းပေါင်းများစွာကို အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုဖြစ်ပေါ်စေခြင်းအပါအဝင် အန္တရာယ်များစွာဖြစ်ပေါ်စေနိုင်ပေသည်။ မျက်မှောက်ကမ္ဘာကြီးတွင် ထိပ်တိုက်ရင်ဆိုင်မှုများလုပ်ဆောင်ခြင်းသည် အားလုံးအတွက် ဆုံးရှုံးမှုများကိုသာ ရင်ဆိုင်ရနိုင်ပေသည်။

**ကိုးကား**

- **The BRI Boom by Beijing Review.**

# အတိတ်ကံ ဇာတ်လမ်းတွဲကို မတ် ၂ ရက်တွင် fortune tv ရုပ်သံလိုင်းနှင့် fortune tv Application တို့မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂ ရက်တွင် fortune tv ရုပ်သံလိုင်းနှင့် fortune tv Application တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းသူက ပြောပြ၍ သိရသည်။

အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မေသူထွန်းက ရေးသားထားပြီး ဇာဒ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မင်းစနေက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက အတိတ်ကံဆိုတဲ့အတိုင်း အတိတ်မှာပြုလုပ်ခဲ့တဲ့ ကံတရားတွေဟာ လက်ရှိပစ္စုပ္ပန်ဘဝမှာလာပြီးတော့ ကောင်းကျိုးသုခတွေ၊ ဆိုးကျိုးဒုက္ခတွေ ဘယ်လိုဘယ်ပုံ ကြုံတွေ့ရတတ်တယ်။ ဒီဘဝမှာပြုလုပ်ခဲ့တဲ့ ကောင်းကံ၊ ဆိုးကံတွေဟာလဲ နောင်ဘဝမှာ အတိတ်ကံအနေနဲ့ အကျိုးပေးတတ်တဲ့အတွက် လက်ရှိဘဝမှာ ကောင်းကံများများ လုပ်ကြဖို့လိုမယ်ဆိုတဲ့ လက်ဆောင်ကောင်းလေး ပေးထားတဲ့ဇာတ်လမ်းတွဲလေးပါ။ ကျွန်တော်ကတော့ ဒီဇာတ်လမ်းတွဲမှာ ရွာရဲ့လူတိုင်းက လေးစားအားကိုးရတဲ့ ရွာသူကြီး ဦးအောင်ဘော်အဖြစ် သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းစနေ၊ သူရဟိန်း၊ ဇေယံ၊ မေသူထွန်း၊ ဝါဝါငွေတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ဝါရင့်သရုပ်ဆောင်များဖြစ်သည့် မင်းသူ၊ မိုခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Accountant-2 ဇာတ်ကားကို ယခုနှစ်အတွင်း ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၉**

The Accountant-2 ဇာတ်ကားကို ယခုနှစ်အတွင်း စတင်ရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

The Accountant-2 ဇာတ်ကားတွင် မူလ The Accountant ဇာတ်ကားမှ မင်းသား ဘင်အက်ဖလက်နှင့် ဂျွန်ဘန်ဟဲတို့ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ယခုနှစ် မတ်လအတွင်း စတင်ရိုက်ကူးရန် စီစဉ်ထားကြောင်း Amazon MGM ရုပ်ရှင်စတူဒီယိုက သတင်းထုတ်ပြန်ထားသည်။

The Accountant-2 ဇာတ်ကားသည် The Accountant (2016) ဇာတ်ကားမှ စာရင်းကိုင် ကြေးစားလူသတ်သမား ခရစ္စတီယန်ဝု၏ လှုပ်ရှားမှုများကို ဆက်လက်ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Accountant-2 ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂါမင်းအိုကွန်နာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# မာယာစီးချင်း ဇာတ်ကားကို မတ် ၃ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

မာယာစီးချင်း ဇာတ်ကားကို မတ် ၃ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေဒွေးက ပြောပြ၍ သိရသည်။

မာယာစီးချင်း ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်းက ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက တစ်ပိုင်းထဲအပြီး အချစ်ဒရာမာ ဇာတ်ကားလေးပါ။ မိန်းမတစ်ယောက်ရဲ့ မာယာဟာ လူသတ်ရလောက်တဲ့ထိ ကြောက်ဖို့ကောင်းကြောင်းကို ဒီဇာတ်ကားမှာ မြင်ရမှာပါ" ဟု သရုပ်ဆောင် နေဒွေးက ပြောပြသည်။

မာယာစီးချင်း ဇာတ်ကားတွင် သရုပ်ဆောင် နေဒွေး၊ ဇေထူး၊ ထက်ထက်ဟန်မေ၊ ရှင်ယွန်းမြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ဇာတ်ကားကို မတ် ၃ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Bad Boys-4 ဟာသဇာတ်ကားကို ယခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဖေဖော်ဝါရီ ၂၉**

Bad Boys-4 ဟာသဇာတ်ကားကို မူလသတ်မှတ်ရက်ထက် သီတင်းတစ်ပတ်ရှေ့တိုး၍ ယခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် မူလက Bad Boys-4 ဇာတ်ကားကို ယခုနှစ် ဇွန် ၁၄ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

Bad Boys-4 ဇာတ်ကားတွင် မူလ Bad Boys ဇာတ်ကားများမှ သရုပ်ဆောင်များဖြစ်ကြသည့် မင်းသားဝီစမစ်နှင့် မာတင်လောရင့်တို့ ပြန်လည်ပါဝင်ထားသည်။

Bad Boys-4 ဇာတ်ကားကို ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့က တာဝန်ယူရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားသည် ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့သော Bad Boys ဇာတ်ကားများအနက် စတုတ္ထမြောက်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့သည် တတိယမြောက် Bad Boys ဇာတ်ကားဖြစ်သည့် Bad Boys For Life ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူများဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မျက်ရဲကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မျက်ရဲကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၆၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# Mandalay Port sees busy cargo traffic amid low tide challenges


Mandalay Port seen handling cargo ships and commodities.

**Mandalay February 29**

Mandalay Port, the main inland water transport hub in Myanmar, handled 61 cargo ships that carried various raw materials to other cities from February 13 to 21, according to the Mandalay Region Department of Inland Water Transport.

The deputy head of the department, Daw Tin Tin Tun, said that the cargo ships transported 7,956.58 tons of cement, 9,283.75 tons of corn, 1,086 tons of coal, and 75 tons of lime from Mandalay Port to destinations such as Yangon and Bhamo.

She also warned that the vessels should drive with special care during the low tide period of the Ayeyawady River, which affects the waterway conditions and navigation. She urged the waterway users to follow the water level limit and the navigation signs on the water and on the shore to avoid stranding and accidents. 184

# Kawlin District places more than 1,400 acres of croplands under mallets this year

**Kawlin February 29**

According to the statistics of Kawlin District Agriculture Department, a total of 1,404 acres of mallets have been grown in Kawlin District of Sagaing Region this winter.

Local farmers have so farm cultivated 1,404 acres of mallets starting from October 2023 against the target of 2,112 acres in Kawlin District this winter in 2023-24 financial year.

"We earmarked cultivation of 2,112 acres of mallets this year. So far, local farmers have grown 1,404 acres of crops. Agricultural staff raise farmer awareness to prevent pests so as to be successful in mallets crops," said Head of the district Agriculture Department U Win Thein.

Kawlin District has completed cultivation of 382 acres of mallets in Kawlin Township and 1,022 acres in Wuntho Township, totalling 1,404 acres.

In winter of 2023-24 FY, Kawlin Township earmarked 104 acres of mallets, Wuntho Township 2,000 acres and Pinlebu Township, eight acres, totalling 2,112 in Kawlin District.


A mallet plantation.

Moreover, the district has grown 131 acres of maize in Kawlin Township, 75 acres in Wuntho Township and 431 acres in Pinlebu Township, totalling 637 acres.

Staff of relevant township agriculture department conducted training courses for cultivation of maize and mallets to local farmers, organized the field demonstration, and raised the farmer awareness of using neem pests and other knowledge.

206

# More than 50,000 acres of cow bean cultivated in Budalin Township

**Budalin February 29**

The statistics of Budalin Township Agriculture Department stated that a total of 52,110 acres of farmlands have been placed under cow bean in Budalin Township of Monywa District of Sagaing Region.

Reportedly, local farmers cultivated 52,110 acres of cow bean starting from October 2023 against the target of 52,394 acres in winter of 2023-24 financial year.

"Most of the farmers emphasize cultivation of cow bean in the township. The township Agriculture Department helps them use high quality bean strains and high yield in addition to provisions of inputs and postharvest technology," said Head of Township Agriculture Department U Phyo Wai.

In 2022-23 FY, local farmers grew 52,394 acres of cow bean, starting from October 2022 in Budalin Township.

Agricultural staff organize local farmers to use trichodama in cultivation of pulses and beans for having higher per-acre yield.

Local farmers use Yezin-8 and Yezin-10 strains of cow bean for boosting per-acre yield of crops, and they spent more than K300,000 per acre on cultivation of cow bean.

This winter, a plan was adopted to grow more than 1.2 million acres of pulses and bean in Sagaing Region which grows the largest areas of beans.

206

# At least 104 killed, 760 injured in Gaza after Israel fires on crowd waiting for aid

**Jerusalem February 29**

Israeli forces opened fire Thursday on a crowd of Palestinians waiting for aid on a coastal road west of Gaza City, killing 104 people and wounding more than 760, Palestinian officials said.

The attack occurred on Al Rashid Street, where many of the wounded were in critical condition, said Ashraf al-Qudra, a spokesman for the Gaza Health Ministry. He said the dead and injured, many with serious injuries, were taken to Al-Shifa Hospital, which is overwhelmed and under-equipped.

Eyewitnesses said the Israeli army targeted a large gathering of civilians on the street.

An Israeli military spokesman said the troops fired "in self-defense" after Gazans attacked and looted aid trucks that entered the Gaza Strip early in the morning. He said dozens of Gazans were injured in the chaos, some by being crushed or trampled.

He said some of the Gazans approached the soldiers in "a threatening manner," forcing them to respond with live fire.

The Hamas-run health ministry said earlier Thursday that more than 30,000 Palestinians have been killed and 70,000 wounded in the Gaza Strip since Israel launched a massive offensive against Hamas in October 2023. Xinhua

# Greece gripped by strikes on 1st anniversary of deadly train crash

**Athens February 29**

Greece was hit by a 24-hour nationwide strike on Wednesday, paralyzing public services including transport and hospitals.

The trade union-led strikes were called to protest low salaries amid high living costs.

In central Athens, around 20,000 protestors marched on Wednesday to mark the first anniversary of the country's deadliest-ever train crash, which happened one year ago in the valley of Tempi. Several masked young people threw Molotov cocktails at police in front of the Parliament building.

The umbrella union of civil servants ADEDY organized the demonstration on this symbolic day to call for justice for the 57 victims of the crash.

Slogans on banners carried by thousands of strikers in Athens and other cities called for human lives to be prioritized over profits. They linked the train tragedy to the living standards of salaried employees, as well as to the legacy of austerity measures imposed during the Greek debt crisis (2009-2018) to keep the economy afloat. Xinhua


A protestor throws Molotov cocktails during a demonstration to mark the first anniversary of the country's deadliest-ever train crash in Athens, Greece, Feb. 28, 2024.

# Mezali diversion weir starts water supply to summer crop farms in Pwintbyu Township



Photo shows part of Mezali diversion weir.

**Pwintbyu February 29**

Pwintbyu Township Irrigation and Water Utilization Management Department started supply of water from Mezali Diversion Weir to local croplands on 16 February, according to the township department.

Irrigation water flows out to the farmlands through south and north Mone canals from Mezali diversion weir.

The diversion weir irrigates farmlands to grow summer paddy in time through north Mone canal.

"Our department supplies sufficient water to farmlands through canals starting from the morning of 16 February to grow summer paddy, summer sesame and other crops. North Mone canal is used to irrigate summer paddy only and South Mone canal to sesame summer and other crops. Local farmers have been urged to efficiently use the water not to be waste and loss," said Staff Officer of Township Department U Ye Htut Aung.

Pwintbyu Township grows 31,287 acres of summer paddy, 37,348 acres of sesame, 68,635 acres of summer crops with the use of water from Mezali diversion weir, according to the statistics of the Township Agriculture Department.

Ye Win Naung (NyaungU)

# Farmers in Katha District harvest 173,242 acres of rain-fed rice

**Katha February 29**

A total of 173,242 acres of rain-fed rice planted during the rainy season in Katha District of Sagaing Region have been harvested, according to statistics from the Department of Agriculture for Katha District.

The rain-fed rice planted in Katha District during the rainy season of 2023-2024 had been harvested. To date, 173,242 acres have been harvested, with a yield of 82.69 baskets per acre.

"At present, 100 percent of the cultivated acres of rain-fed rice crops have been harvested. The yield is good. We are providing agricultural technology, pest infestation to farmers and providing information about the timely arrival of harvested rice under the shelter," said U Myint Soe, head of the Department of Agriculture for Katha District.

From June 2023 to September, rain-red rice acreages in townships in Katha District were as per following: 38,494 acres in Katha Township, 55,795 acres in Indaw Township, 4,096 acres in Htigyaing Township and 38,857 acres in Bamauk Township, totaling 173,242 acres of rain-fed rice. 206


Paddy being harvested using machinery.

# K168 million issued as compensation for insured workers in Aungmyethazan Township

**Mandalay February 29**

Aungmyethazan Township Social Security Office in Mandalay Region has issued more than K168 million as compensation to insured workers this financial year.

In 1,267 cases of insured workers, most of them demanded compensation for worksite damage and medical treatment from April 2023 to date, and the township office has delivered more than K168 million to the insured workers, said Staff Officer Daw Moe Moe Thwe from Aungmyethazan Township Social Security Office.

"Our office collects fees for costing illness, maternity, worksite injuries, death and medical treatment to the insured workers. If they can demand compensation correctly, the office will issue it within one month. During the medical leave for illness, the office will fill the salary. In fact, the office helps families of insured workers enjoy entitlements on one hand," she added.

The Social Security Board is providing entitlement to insured workers. Workplaces have to guarantee the insured workers for providing necessary assistance for the insured workers in illness, maternity, demise, medical charges and travel allowance. If so, temporary disabled workers, permanent disabled workers and remaining families will have advantages from the issuance.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myinmu Township leads lablab bean cultivation in Sagaing Region

**Myinmu February 29**

According to statistics from Sagaing District Agriculture Department, more than 4,000 acres of lablab bean have been planted during the 2023-2024 winter crop season in Sagaing District.

Myinmu Township is the largest producer of lablab bean in the district, with 4,849 acres planted, of which 4,801 acres have been completed since October 2023. Daw Thida Lwin, the head of the Sagaing District Agriculture Department, said that they are working to achieve the full planting target and cooperating with farmers to provide good quality seeds, inputs, and post-harvest technology.

The Township Department of Agriculture is also conducting awareness activities for the farmers who grow lablab beans, encouraging them to expand the acreage, produce good yields, use the Good Agricultural Practices (GAP) method, cultivate pure varieties, and cultivate varieties with high market demand.

Lablab bean grown by GAP method has better quality, higher price, and more export potential than crops grown by other methods, according to the department. Lablab bean can be used as food, fodder, green manure, and cover crops, and has various health benefits. 206


A lablab bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံ Sukhoi ဒီဇိုင်းဗျူရိုက အရပ်ဘက်၊ စစ်ဘက်သုံး အကြီးစားကုန်တင်ဒရုန်း တီထွင်ထုတ်လုပ်



ရုရှားနိုင်ငံ Sukhoi ဒီဇိုင်းဗျူရိုသည် အကွာအဝေး ကီလိုမီတာ ၅၀၀(အသွား၊ အပြန်)၊ ကုန်အလေးချိန် ကီလိုဂရမ် ၃၀၀ ထိ အလိုအလျောက် သယ်ယူပို့ဆောင်ပေးနိုင်သည့် အရပ်ဘက်၊ စစ်ဘက်သုံး အကြီးစား VTOL Quadcopter (သို့မဟုတ် "Octocopter") ကုန်တင်ဒရုန်းကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း ရုရှားနိုင်ငံ Sputnik သတင်းဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Sukhoi ဒီဇိုင်းဗျူရို၏ ဦးဆောင်ကုမ္ပဏီ Rostec သည် အကြီးစားကုန်တင်ဒရုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ရန် ဒီဇိုင်နာနှင့် ကျွမ်းကျင်ပညာရှင်များ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါကုန်တင်ဒရုန်းကို BTS-VAB ဟု အမည်ပေးထားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

BTS-VAB သည် ပျံတက်ခြင်းနှင့် ဆင်းသက်ရန်အတွက် အထူးပြင်ဆင်ထားသောနေရာများနှင့် လေယာဉ်ကွင်းအခြေခံအဆောက်အအုံများ မလိုအပ်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးပြဿနာများကိုဖြေရှင်းရန်အတွက် စံပြုဖြေရှင်းချက်တစ်ခုဖြစ်လာလိမ့်မည်ဟု ရုရှားနိုင်ငံက မျှော်မှန်းထားသည်။

အဆိုပါဒရုန်းသည် ရဟတ်ယာဉ်၏ စွမ်းဆောင်ရည်များနှင့် လေယာဉ်ပျံ၏ အားသာချက်များကို ပေါင်းစပ်ပေးထားသည်ဟု BTS-VAB ဦးဆောင် ဒီဇိုင်နာ Evgeny Rubtsov က ပြောကြားခဲ့သည်။

အဆိုပါဒရုန်းသည် ပျံတက်ချိန်မှ ပျံသန်းနေချိန်၊ ဆင်းသက်ချိန်ထိလုပ်ဆောင်မှုတစ်လျှောက် အလိုအလျောက်အပြည့်အဝ ပျံသန်းဆောင်ရွက်နိုင်စေရန် တီထွင်ကြံဆလျက်ရှိသည်။ လမ်းကြောင်းပြောင်းလဲပျံသန်းရန်အပါအဝင် လိုအပ်ချိန်တွင် လူသားအော်ပရေတာမှ ဝင်ရောက်လုပ်ဆောင်ပေးနိုင်သည်။ လက်ရှိစမ်းသပ်မှုအဆင့်သည် ဒရုန်း၏အခြေခံဒီဇိုင်းနှင့် အဓိကနည်းပညာများကို ဗဟိုပြုထားပြီး VTOL အယ်လဂိုရီသမ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်ရေးဖွဲ့စည်းမှုအတွက် စမ်းသပ်မှုများ ထပ်မံလုပ်ဆောင်သွားမည်ဖြစ်သည်။

"ဒီစီမံကိန်းကို သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုဈေးကွက်မှာ အများပိုင်နဲ့ ပုဂ္ဂလိကသုံးတွေအတွက် အဓိကထားပါတယ်။ ဒရုန်းဟာ ရုရှားနိုင်ငံရှိ ဒေသအသီးသီးမှာ ရှုပ်ထွေးမှုရှိတဲ့ ထောက်ပံ့ပို့ဆောင်ရေး၊ သုတေသနနဲ့ အခြားလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နိုင်လိမ့်မယ်" ဟု Rostec ကုမ္ပဏီမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Sukhoi ဒီဇိုင်းဗျူရိုပိုင်ရှင်ကုမ္ပဏီဖြစ်သော United Aircraft Corporation က Telegram ချန်နယ်တွင် အကြီးစားဒရုန်း စမ်းသပ်မှုဗီဒီယိုဖိုင်ကို လွှင့်တင်ခဲ့ပြီး ဒရုန်း၏ ကြီးမားသောအရွယ်အစားကို အရိပ်အမြွက်ပြသကာ ၎င်း၏အင်ဂျင်လည်ပတ်မှု၊ ဝေဟင်တွင် ပျံဝဲကာလှုပ်ရှားပျံသန်းမှုတို့ကို ပြသခဲ့သည်။

BTS-VAB ကုန်တင်ဒရုန်း၏ ဒီဇိုင်းတွင် တီပုံသဏ္ဌာန် သေးသွယ်သောကိုယ်ထည်နှင့် တောင်ပံမှာ လေယာဉ်ပျံပုံစံဖြစ်သည်။ ထိပ်ပိုင်းတွင် ရဟတ်ယာဉ်ပုံစံအင်ဂျင်နှစ်လုံး တပ်ဆင်ထားသည့် သံဖရိမ် လေးခုကို တွဲချိတ်ထားသည်။ စမ်းသပ်မှုမှတ်တမ်းတွင် အင်ဂျင်များသည် နာရီလက်တံအတိုင်း အပြန်ပြန်အလှန်လှန် လည်ပတ်မှုကို ပြသထားသည်။ ပျံသန်းမှုတွင် ဒရုန်းမှထွက်ပေါ်လာသောအသံသည် ၂၀ ရာစုအလယ်ပိုင်းက တာဘိုပရော့လေယာဉ်သံမျိုး သို့မဟုတ် ကြီးမားသော ပိုးကောင်ကြီးတစ်ကောင်အသံမျိုးဖြစ်သည်။

**Special Delivery: Sukhoi Design Bureau Teases Super-Heavy Cargo Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းပဋိပက္ခ လာမည့်လများအတွင်း အဆုံးအဖြတ်ဖြစ်လာလိမ့်မည်ဟု ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ပြောကြား

ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ Josep Borrell က ယူကရိန်းကိုထောက်ခံနေသည့် အနောက်အုပ်စု နိုင်ငံများကို ယူကရိန်းပဋိပက္ခသည် လာမည့်လများအတွင်း အဆုံးအဖြတ်ဖြစ်လာလိမ့်မည်ဟုပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းတွင် မည်သူအနိုင်ရနေသနည်းဟု စပိန်နိုင်ငံ El Pais သတင်းစာက မေးမြန်းခဲ့ရာတွင် Borrell က ရုရှားသည် စစ်ပွဲကိုမနိုင်သေးသော်လည်း ၎င်းတို့ မရှုံးပါဟု မယုတ်မလွန်သာ ဖြေကြားသွားခဲ့သည်။ သို့သော် အနောက်နိုင်ငံထောက်လှမ်းရေး အစီရင်ခံစာများအရ ရုရှားသည် ပဋိပက္ခအတွက် ကောင်းမွန်စွာပြင်ဆင်ထားပြီး ယူကရိန်းသည် မြေပြင်၌ ဆုံးရှုံးမှုများနေသည်ဟု El Pais သတင်းစာက ဖြည့်စွက်ရေးသားထားသည်။

"ကျွန်တော်တို့ ဒီထက်ပိုပြီး မြန်မြန်လုပ်ရမှာပေါ့။ လာမဲ့လတွေမှာ ပဋိပက္ခကို အဆုံးအဖြတ်ပေးနိုင်ပါလိမ့်မယ်"ဟု Borrell က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Krynki၊ Pobeda၊ Severne၊ Lastochkino၊ Severnoe နှင့် Rabotino အခြေချနေထိုင်ရာဒေသများမှ ယူကရိန်းတပ်ဖွဲ့ဝင်များကို မောင်းထုတ်ပစ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်မှုများနှင့် ရုရှား၊ ယူကရိန်း နှစ်နိုင်ငံစလုံးရှိ စစ်ဘက်ဘလော့ဂ်များမှ အစီရင်ခံချက်အရ သိရသည်။

Rabotino သည် ယူကရိန်းနိုင်ငံ၏ အောင်မြင်မှုမရရှိခဲ့သော နွေရာသီတန်ပြန်ထိုးစစ်အတွင်း ယူကရိန်းတပ်ဖွဲ့များ သိမ်းပိုက်နိုင်ခဲ့သည့် လက်တစ်ဆုပ်စာရွာများထဲမှ တစ်ရွာဖြစ်ပြီး အဆိုပါတန်ပြန်ထိုးစစ်ဆင်မှုကာလအတွင်း ယူကရိန်းဘက်မှ တပ်ဖွဲ့ဝင်ပေါင်း ၁၆၀၀၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဥရောပသမဂ္ဂသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက ယူကရိန်းကို စစ်ရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတွင် ယူရို ၈၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉၂ ဘီလီယံ) ခန့်ပေးအပ်ရန် ကတိကဝတ်ပြုထားပြီး ၎င်း၏အဖွဲ့ဝင်နိုင်ငံများကလည်း ဘီလီယံဆယ်နှင့်ချီ၍ ပံ့ပိုးကူညီခဲ့ကြသည်။

တစ်နိုင်ငံချင်း ပံ့ပိုးလှူဒါန်းမှုများတွင် အများဆုံးမှာ ဂျာမနီနိုင်ငံဖြစ်ပြီး ယူကရိန်းနိုင်ငံကို စစ်ရေးအကူအညီတစ်ခုတည်းအတွက် ယူရို ၁၇ ဘီလီယံကျော် ပေးခဲ့သည်။ ဒိန်းမတ်နိုင်ငံက ယူကရိန်းကို စစ်လက်နက်နှင့် ခဲယမ်းမီးကျောက်အတွက် ယူရို ၈ ဒသမ ၄ ဘီလီယံ



သို့မဟုတ် ၎င်း GDP ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီလောက်နဲ့တော့ မလုံလောက်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ယူကရိန်းကို ဆက်လက် ခုခံကာကွယ်လိုရင် အရင်ထက်ပမာဏနဲ့ အချိန်ကာလ ပိုမိုမြန်ဆန်စွာ အကူအညီပေးရလိမ့်မယ်" ဟု Borrell က El Pais သတင်းစာသို့ ပြောကြားခဲ့သည်။

**Ukraine conflict may be decided in 'months' – Borrell ကို ဘာသာပြန်ဆိုထားပါသည်။**

## စင်ကာပူနိုင်ငံ ST Engineering ကုမ္ပဏီက ဒရုန်းတပ်ဆင်အသုံးပြုနိုင်သည့် Taurus မောင်းသူမဲ့မြေပြင်သွားယာဉ် ထုတ်ဖော်ပြသ

စင်ကာပူနိုင်ငံ ST Engineering ကုမ္ပဏီသည် ပိုမိုကောင်းမွန်သော စောင့်ကြည့်ထောက်လှမ်းမှုများအတွက် Multirotor ဒရုန်း တပ်ဆင်အသုံးပြုနိုင်သည့် Taurus မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



Singapore Air Show 2024 လေကြောင်းပြပွဲတွင် ထုတ်ဖော်ပြသထားသည့် Taurus လေးဘီးယက် မောင်းသူမဲ့မြေပြင်သွားယာဉ်သည် စစ်ဘက်ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် စိတ်ကြိုက်ပြင်ဆင်နိုင်သော မော်ဂျူလာဖွဲ့စည်းတည်ဆောက်ပုံနှင့် လှုပ်ရှားစက်ကစားနိုင်စွမ်းတို့ဖြင့် ထွက်ပေါ်လာခဲ့သည်။

၎င်းသည် ကုမ္ပဏီ၏ ရှစ်ဘီးယက် Terrex s5 ခြေလျင်တိုက်ခိုက်ရေးယာဉ်နှင့်အတူ တွဲဖက်မောင်းနှင် စစ်ဆင်နိုင်သည့် မောင်းသူမဲ့တိုက်ယာဉ်အဖွဲ့ကို ပံ့ပိုးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်သည်။


Taurus မောင်းသူမဲ့မြေပြင်သွားယာဉ် ထမ်းဆောင်နိုင်သည့် တာဝန်တချို့တွင် ထောက်ပံ့ပို့ဆောင်ရေး၊ ဒဏ်ရာရရှိသူများ ကယ်ထုတ်ရွှေ့ပြောင်းမှုများနှင့် သမားရိုးကျစစ်သုံးယာဉ်များဖြင့် သွားလာရန်ခက်ခဲသောဒေသများတွင် စောင့်ကြည့်ထောက်လှမ်းရေးတို့ပါဝင်သည်။ စက်ပစ္စည်းများ ကိုင်တွယ်လုပ်ဆောင်နိုင်ရန်အတွက် စက်ရုပ်လိုမျိုး လက်တံများကိုလည်း တပ်ဆင်အသုံးပြုနိုင်သည်။ စင်ကာပူနည်းပညာကုမ္ပဏီ၏အဆိုအရ မောင်းသူမဲ့မြေပြင်သွားယာဉ်သည် ယခင်နှစ်ကတီထွင်ထုတ်လုပ်မှုပြီးစီးခဲ့သော်လည်း စတင်ရောင်းချနိုင်ခဲ့ခြင်းမရှိသေးပေ။

အဆိုပါယာဉ်သည် ၎င်း၏စောင့်ကြည့်ထောက်လှမ်းရေးနယ်ပယ်ကို တိုးချဲ့လုပ်ဆောင်နိုင်ရန်အတွက် နောက်ထပ်ခြေလေးချောင်းတပ် စက်ရုပ်တစ်ခုကို သယ်ဆောင်နိုင်သကဲ့သို့ အချိန်ကြာမြင့်စွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေရန် ဓာတ်အားပေးစက်(ဂျင်နရေတာ)တစ်လုံး တပ်ဆင်ထားနိုင်သည်။

**ST Engineering Unveils 'Taurus' Unmanned Ground Vehicle With Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ သီတင်းကျွတ်လပြည့်နေ့မှ တပို့တွဲလပြည့်နေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ငါးသိန်းကျော် လာရောက်ဖူးမြော်



**ကျိုက်ထို ဖေဖော်ဝါရီ ၂၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် သို့ယခုနှစ် ဘုရားပွဲတော်စတင်သည့် သီတင်းကျွတ်လပြည့်နေ့မှ တပို့တွဲလပြည့်နေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ငါးသိန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုမှု နေ့စဉ်များပြားလျက်ရှိကြောင်း၊ လက်ရှိတွင် ကျိုက်ထီးရိုးတောင်ပေါ်သို့ နေ့စဉ်တောင်တက်ကားအစီးရေ ၂၅၀ ခန့် ပြေးဆွဲပေးလျက်ရှိပြီး ဘုရားဖူးများအတွက် ဟိုတယ်၊ တည်းခိုခန်းနှင့် အခမဲ့တည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများကို စုံလင်စွာ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို လာရောက်ကြတဲ့ဘုရားဖူးတွေက အရင်က ကေဘယ်စီးတဲ့သူတွေနည်းပါတယ်။ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတွေမှာ ကေဘယ်စီးတဲ့သူတွေ များလာပါတယ်။ ရုံးပိတ်ရက်ရှည်တွေမှာ ခရီးသွားတွေ ပုံမှန်ထက်များပါတယ်"ဟု ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ကျင်းပလေ့ရှိကြောင်း သိရသည်။

ASH

# ခန္တီးမြို့နယ် နန်မုံကျေးရွာ၌ KG ကျောင်းဆောင်နှင့် စာသင်ကျောင်းအဝင်ဂိတ်တံခါးတည်ဆောက်ခြင်းပြီးစီးမှု စစ်ဆေး

**ခန္တီး ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နန်မုံကျေးရွာ၌ KG ကျောင်းဆောင်နှင့် စာသင်ကျောင်းအဝင် ဂိတ်တံခါးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ခန္တီးမြို့နယ် နန်မုံကျေးရွာ၌ အလျားပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၃ ပေရှိ KG ကျောင်းဆောင် တည်ဆောက်ခြင်းနှင့် အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ စာသင်ကျောင်းအဝင် ဂိတ်တံခါးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။



ခန္တီးမြို့နယ် နန်မုံကျေးရွာ၌ KG ကျောင်းဆောင်နှင့် စာသင်ကျောင်းအဝင်ဂိတ် တံခါးတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုညဒသမ ၆၀ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၆၀ သန်း အသုံးပြု၍ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# မိုင်းရယ်မြို့နယ် ကုန်းညကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် ဖေဖော်ဝါရီ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းညကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးကျေးရွာစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေ ထုတ်ချေးရာတွင် လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကုန်းညကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကုန်းညကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

## ၂၉-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧည့်ဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးလုပ်ငန်းများအကြား မျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ဈေးကွက်ထိန်းချုပ်ခြင်းများမရှိစေရေး၊ အများပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ရေး၊ ဈေးကွက်အတွင်း ကောင်းမွန်သည့်ယှဉ်ပြိုင်မှုများကို အားပေးပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူအားလုံး တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှခံစားခွင့်ရရှိစေရေးအတွက် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားပြီး ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအပေါ် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အသိပညာပေးဆွေးနွေးမှုအစီအစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးအစီအစဉ်များတွင် Website များမှတစ်ဆင့် အသိပညာပေးခြင်းလည်းပါဝင်သည့်အတွက် ယှဉ်ပြိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ရယူနိုင်ရေး၊ ယှဉ်ပြိုင်မှုဆိုင်ရာတိုင်ကြားမှုများကို လက်ခံရယူနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးနိုင်ရေး၊ အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုဆိုင်ရာ Website များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် Website ကို ရေးဆွဲအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ) ကို မတ် ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ဖေဖော်ဝါရီ ၂၉ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို မတ် ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**○ အယ်လ်နီညိုအခြေအနေမှ**

မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များကို ဖြစ်ပေါ်လေ့ရှိရာ မွေးမြူရေးကဏ္ဍကို ထိခိုက်မှုမရရှိစေရန် ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ ကြိုတင်အသိပေးလျက်ရှိသည်။

မြန်မာ့ရေချိုထွက်ကုန် ဘဏ္ဍာတိုက်များဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ငါး၊ ပုစွန်ကန်များမှ ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် မွေးမြူထုတ်လုပ်လျက်ရှိရာ နွေရာသီတွင် ငါးကန်အများစုသည် ကန်ဖော်၍ ရေထွက်ကုန်များကို ထုတ်ယူရောင်းချလေ့ရှိကြောင်း သိရသည်။

ရေချိုမွေးမြူရေးကဏ္ဍတွင် ငါးမြစ်ချင်းကို အများဆုံးမွေးမြူလျက်ရှိပြီး တစ်ဧကလျှင် သားပေါက်အကောင် ၇၀၀ မှ ၁၀၀၀ ထိ ကန်ကျယ်စနစ်ဖြင့် မွေးမြူလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရေချိုငါး၊ ပုစွန်၊ ကဏန်း ဧက ၄၆၀၀၀၀ ကျော် မွေးမြူထားရာ၌ ငါးကို အများဆုံးမွေးမြူလျက်ရှိပြီး ကဏန်းကို ဧက ၂၀၀၀ ကျော် မွေးမြူထားသည်။

"ဒီနှစ်နွေရာသီမှာ အယ်လ်နီညိုဖြစ်စဉ်ကလည်းရှိနေတော့ ငါးမွေး တောင်သူတွေ ပိုပြီးဂရုစိုက်နေကြပါတယ်။ နေပြင်းရင် ကန်ထဲကိုရေမောင်းသွင်းတာ၊ ရေလှယ်တာကအစ လုပ်ဆောင်ဖို့လိုပါတယ်။ တိုင်းဒေသကြီးသုံးခုက ငါးမွေးတောင်သူတွေဟာ အတွေ့အကြုံလည်းရှိနေကြပါပြီ။ ဖြစ်သွားရင် ဆုံးရှုံးမှုတန်ဖိုး ကြီးမားတယ်ဆိုတာ သူတို့သိနေကြပါတယ်။ အပူရှိန်ပြင်းလာရင် ရောဂါဖြစ်ပွားတတ်တဲ့သဘောလည်းရှိတာကြောင့် ကန်ရေကိုအထူးသတိပြုစောင့်ကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ ပြီးတော့ မြန်မာနိုင်ငံမှာ ကန်အကျယ်မွေးတဲ့စနစ်ကိုအသုံးပြုတာကြောင့် အရန်ကန်ထားရှိပြီး ရေသိုလှောင်ထားပြီးတော့ ရေလှယ်တဲ့စနစ်ကို ကြပ်မတ်ဆောင်ရွက်သွားမယ်ဆိုရင် ဒီနွေရာသီမှာ မွေးမြူရေးတောင်သူတွေအားလုံး အဆင်ပြေပြေနဲ့ ကျော်ဖြတ်သွားနိုင်မှာပါ။ နွေရာသီမှာ ရာသီဥတု ဘယ်လောက်ပြင်းထန်ပြီး မွေးမြူရေးတောင်သူတွေထံက ဘာအသံကြားရမလဲဆိုတာလည်း အမြဲနားစွင့်နေပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောပြသည်။

ယခုနွေရာသီတွင် ငါးမွေးကန်များ ထိခိုက်မှုမရှိစေရန် ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးရန်၊ မွေးမြူရေးကန်တွင် ရေအသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်များ စီစဉ်ထားရှိပြီး ရေရနိုင်သမျှသိုလှောင်ထားရန်၊ ကန်ရေအပူချိန်မြင့်မားချိန်တွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်ကျွေးခြင်းကို ရှောင်ကြဉ်ကာ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်၊ ရေသစ်သွင်းရန်အခက်အခဲရှိသောကန်များအနေဖြင့် ငါးအရေအတွက်လျှော့ချမွေးမြူရန်၊ အပူချိန်ပြင်းသည့်အချိန်တွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုလုပ်ရန်၊ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းကြုံရပါက ကန်အတွင်း အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်း ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်းနှင့် ကန်အတွင်း လေ့လှော်ပေးခြင်းနည်းလမ်းများဖြင့် ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်လာစေရေးဆောင်ရွက်ပေးရန်၊ ငါးအစာလွန်ကဲစွာကျွေးခြင်းကြောင့် စားကြွင်းစားကျန်များမှတစ်ဆင့် ရေထုညစ်ညမ်းပြီး ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန် စသည့်နည်းလမ်းများဖြင့် ငါးမွေးမြူရေးကန်များ ရာသီဥတုပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရန် ငါးမွေးတောင်သူများကို တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၆ ဒသမ ၂၃၄ သန်းဖြင့် ဆောင်ရွက်ခဲ့သော လင်းခေးမြို့နယ် နောင်လုံအုပ်စု ဒါးဆိပ်-နောင်လုံ-ဝမ်စစ်-ဟိုက်ကွေ့ လမ်းမကြီးမှ ပန်ကျင်-ဟတ်မိုင်-နောင်ခေါက် ကျေးရွာသွားလမ်း ၃ မိုင် ၇ ဖာလုံအနက် ၁ မိုင် ၃ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅ ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ယနေ့တွင် ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးမှုကြောင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာ လူဦးရေ ၃၄၂၅ ဦးတို့၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ခရစ်ကတ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်အသင်းမှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး နေထိုင်စားသောက်လေ့ကျင့်မှုများတွင် အခက်အခဲရှိပါက သတင်းပို့တင်ပြသွားရန် တာဝန်ရှိသူကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းတွင် ပြေးခုန်ပစ် (တာလတ်၊ တာဝေး) အားကစားသမားများ၏ လေ့ကျင့်နေမှု၊ အလေးမအားကစားရုံတွင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဖူဆယ်အားကစားရုံတွင် ဂူရှူးအားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)တွင် ဘော်လီဘောအားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အားကစားသမားများအနေဖြင့် စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်စေရန် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့ကျင့်သွားရန်နှင့် လိုအပ်သည့် လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စံချိန်စံညွှန်းများကို အားကစားသမားများ သိရှိအောင် ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိလိယက်နှင့် စနူကာအားကစားရုံတွင် ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Snooker 15 Red ပြိုင်ပွဲ၊ 9 Ball Pool Men Single ပြိုင်ပွဲ၊ 9 Ball Pool Women Double ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ MRTV ၏ ရုပ်သံလိုင်း Channel များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ်များကို Screen Test ဆောင်ရွက်မှုနှင့် MRTV ၏ ဘဏ္ဍာနှစ်အလိုက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းကြီးများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Conference Room တွင် MRTV ၏ ရုပ်သံလိုင်း Channel များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ် ခုနစ်ဦးနှင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ် ခုနစ်ဦးတို့ကို Screen Test စစ်ဆေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး တစ်ဦးချင်းအလိုက် လိုအပ်ချက်များအပေါ် အကြံပြုဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ချပြရှင်းလင်းပြီး နိုင်ငံတော်မီဒီယာက မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရမည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ အသိပညာမြှင့်တင်ရေးနှင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေး၊ ပြည်သူများ ပျော်ရွှင်အပန်းပြေစေရေးနှင့် လုံခြုံရေးဆိုင်ရာများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းကြီး လေးခုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကြီး တစ်ခုတို့၏ ဆောင်ရွက်မှုအခြေအနေများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် News Studio(1) တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၁၅၇၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ ရိုက်ကူးရေးစနစ်၊ မီးနှင့်အသံစနစ်၊ ထုတ်လုပ်ပေးပို့မှုစနစ်များ ဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့ရိုက်ကူးရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရုပ်သံလိုင်း Channel သုံးခု ထုတ်လွှင့်နေသော Presentation Work Station ၃ နှင့် ၄ တို့တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၃၃၈၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Elevate Broadcast Myanmar ကုမ္ပဏီ၏ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ယခုဘဏ္ဍာနှစ်ကာလအပြီး စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် Auditorium ခန်းမတွင် ရိုက်ကူးရေးသုံး LED Wall ကို ငွေကျပ် ၅၄၉ သန်းဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့အသုံးပြုနေမှုကိုလည်းကောင်း၊ MRTV ပင်မအဆောက်အအုံအတွက် လေအေးပေးစနစ် အဆင့်မြှင့်တင်တပ်ဆင်ခြင်း ဒုတိယအဆင့်လုပ်ငန်းကို ငွေကျပ်သန်း ၁၂၄၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Constructive Engineers ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှုကိုလည်းကောင်း စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်မည့် Convergence News Room System ၏ လက်ရှိလုပ်ငန်းစွမ်းဆောင်ရည်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို စနစ်တကျစီစဉ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်ရှိထုတ်လုပ်နေသော ရေနံမြေများကို နည်းပညာအကူအညီဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေစီမံကိန်းအသစ်များ ထပ်မံရှာဖွေဖော်ထုတ်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးရှိ ညောင်တုန်းနှင့် မအူပင်(တောင်)ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုနှင့် ထပ်မံတိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မအူပင်တွင်းအမှတ်(၁၅)တွင်းဟောင်းကို သုတေသနပြု၍ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်သည့်အခြေအနေနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မြန်မာပြည်အောက်ပိုင်းဒေသများတွင် ကုန်းတွင်းပိုင်းရှာဖွေရေးလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိထုတ်လုပ်နေသော ရေနံမြေများကို နည်းပညာအကူအညီဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေစီမံကိန်းအသစ်များ ထပ်မံရှာဖွေဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘူမိဗေဒပညာရှင်များနှင့် အင်ဂျင်နီယာပညာရှင်များအနေဖြင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ပြီး ရောဝတီတိုင်းဒေသကြီးအတွင်း ရေနံမြေသစ်များ ထပ်မံဖော်ထုတ်၍ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရေး နိုင်ငံတော်အပေါ် စေတနာထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထပ်မံတူးဖော်မည့်တွင်းများမှလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထပ်မံထုတ်လုပ်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို အပြည့်အဝ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအူပင်တွင်းအမှတ်(၁၅)၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုနှင့် တွင်းအမှတ်(၂၆) တူးဖော်ရန်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုအားပေးကာ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကုန်းတွင်းသဘာဝဓာတ်ငွေ့ရယူပြီး ရေနံဓာတ်ငွေ့ရည် (LPG) ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေနှင့် စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ပြီး LPG ထုတ်လုပ်ရန် စီမံဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာထုတ်ယူနိုင်သည်ဖြစ်၍ အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ကြောင်း၊ နည်းပညာအသုံးပြုဆောင်ရွက်ခဲ့သဖြင့် မအူပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)တို့အတွက် လိုအပ်သော ကုန်းတွင်းသဘာဝဓာတ်ငွေ့များ ပြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ အိမ်သုံးလောင်စာအဖြစ် ရေနံဓာတ်ငွေ့ရည် (LPG)ပိုမိုသုံးစွဲနိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသက်သာစေသည့်အပြင် သုံးစွဲသူပြည်သူများ၏ လူနေမှုအဆင့်အတန်းကိုလည်း မြင့်တက်စေကြောင်း၊ ရေနံဓာတ်ငွေ့ရည် (LPG)ကို အိမ်သုံးကဏ္ဍတွင်သာမက သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ စက်ရုံ စဉ်ဆက်မပြတ်လည်ပတ်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပြီး ရေနံဓာတ်ငွေ့ရည်(LPG) တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားပြီး စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အင်အားဖြည့်အစားအစာများ ပေးအပ်ကာ စက်ရုံဝင်းအတွင်း လှည့်လည်၍ LPG လည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ အစည်းအဝေးခန်းမတွင် ရေနံမြေဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်သည့် တင်ပြမှုများအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းနှင့် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါကျောင်းတွင်လက်ခံစောင့်ရှောက်ထားသော အသက်ခြောက်နှစ်မှ ၁၈ နှစ်အတွင်း မျက်မမြင် ကျောင်းသား၊ ကျောင်းသူ ၁၁၁ ဦးကို မျက်မမြင်လက်စမ်းစာ(Braille Letter)ဖြင့် မူလတန်းပညာရေးကို ကျောင်းတွင်းပညာရေးအဖြစ် သင်ကြားပေးနေမှု၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရပ်များကို Inclusive Education ဖြင့် ပညာရေးဝန်ကြီးဌာနများက ဖွင့်လှစ်ထားသော ကျောင်းများတွင် ဆက်လက်သင်ကြားပေးနေမှု၊ Japan Heart အဖွဲ့နှင့်ပူးပေါင်း၍ တစ်နှစ်သင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးသည့် ဂျပန်နည်းစနစ်ဆိုင်ရာ ဆေးပညာအကြောပြင်အနှိပ်သင်တန်း လက်တွေ့သင်ကြားပို့ချနေမှု၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ အကြောပြင်အနှိပ်သင်တန်း နှစ်နှစ်သင်ကြားပို့ချနေမှု၊ ဆက်တီခုံကြိမ်ထိုးနေမှုနှင့် ပလတ်စတစ်ခြင်း ရက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မျက်မမြင်စစ်တုရင်သင်ကြားနေခြင်းနှင့် Goal Ball အားကစားနည်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မျက်မမြင် သင်တန်းသား၊ သင်တန်းသူများအတွက် ခေတ်မီသင်ကြားမှုစနစ်များနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်ရန်အတွက်လေ့လာပြီး လိုအပ်ချက်များတင်ပြရန်၊ သက်မွေးအတတ်ပညာများကို ယခုထက်ပို၍ အမျိုးအစားပိုမိုသင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန်၊ မျက်မမြင်များကို မြန်မာ့တီးဝိုင်းနှင့် နိုင်ငံတကာတီးဝိုင်းများ သင်ကြားပေးနိုင်ရေးဆောင်ရွက်ရန်၊ ရှေးဟောင်းအဆောက်အအုံကို ရေရှည်တည်တံ့ရေး သက်ဆိုင်ရာဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်



မျက်မမြင် အားကစားသမားကောင်းများ ပေါ်ထွက်နိုင်ရေး မသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့်ဆက်သွယ်၍ စနစ်တကျလေ့ကျင့်ပေးရန်မှာကြားပြီး မျက်မမြင်သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်းရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ သွားရောက်၍ စောင့်ရှောက်ထားရှိသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးပြုစုရေးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကလေးများကိုပြုစုစောင့်ရှောက်ပေးရာတွင် သက်ဆိုင်ရာစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အကူအညီများကိုရယူ၍ စနစ်တကျပြုစုစောင့်ရှောက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး ကလေးများနှင့်တွေ့ဆုံအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့ ဆေးကုသမှုခံယူနေသော လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော ကျပ်သိန်း ၁၄၀ တန်ဖိုးရှိ အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# မြိတ်မြို့နယ်၊ ပလောက်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ပလောက်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမနှင့် နယ်မြေခံတပ်နယ်ခန်းမများ၌ အသီးသီးသွားရောက်တွေ့ဆုံကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးအမှာစကားများ ပြောကြားကြပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

# လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ တင်သွင်းရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great jotor Co., ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AiqareQ3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Aung kan jo jotorcycle Industrial Co., ltd. က တင်သွင်းလာသော kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ၊ jyanmar Arr Thitjan jotor Co., ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADeA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များနှင့် ဆိုင်ကယ်အပိုပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



ပခုက္ကူတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။



စနိုးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးကို ဆုကြေးငွေ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ရာ ယနေ့တွင်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ ခန္တီးမြို့၊ ဖောင်းပြင်မြို့၊ ကလေးမြို့၊ မုံရွာမြို့နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တို့ရှိ နယ်မြေခံတပ်နယ်ခန်းမများ၌ အသီးသီးပြုလုပ်ရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို အသီးသီးရှင်းလင်းဆွေးနွေးပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ ခန္တီးမြို့၊ ဖောင်းပြင်မြို့၊ ကလေးမြို့၊ မုံရွာမြို့နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် MK-12 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ Stalliom PA-100 Short Gun အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်နှင့် KUZAY-GN 19 အမျိုးအစား ပစ္စတိုတစ်လက်တို့ကို အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး MK-12 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း၄၀၊ Stalliom PA-100 Short Gun အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၄၀၊ KUZAY-GN 19 အမျိုးအစား ပစ္စတိုတစ်လက်အတွက် ကျပ်သိန်း ၂၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလင်းဝင်ရောက်လာသူ ၁၂ ဦးအတွက် တစ်ဦးလျှင် ဆုကြေးငွေ ကျပ်သိန်း ၂၀ စုစုပေါင်းကျပ်သိန်း ၃၄၀နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများက အသီးသီးလက်ခံရယူကြပြီး အလင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် အလင်းဝင်ရောက်လာသူများနှင့် တက်ရောက်လာကြသူများကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး အလင်းဝင်ရောက်လာသူများကို အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ် ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ဘင်္ဂလားကျားအပါအဝင် ရှားပါးမျိုးစိတ် ၂၅ မျိုးတည်ရှိကြောင်း ကင်မရာထောင်ချောက်ဖြင့် မှတ်တမ်းတင်နိုင်ခဲ့







**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ထမံသီဘေးမဲ့တောသည် အင်း၊ အိုင်အများအပြားနှင့် ချောင်းကြီး၊ ချောင်းငယ်များစွာ ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြန်မာနိုင်ငံ၌ သာတွေ့ရှိရသော ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားလျက်ရှိ၍ ကင်မရာထောင်ချောက်များဖြင့် ရက်၉၀ကြာမှတ်တမ်းတင်ရာ၌ ဘင်္ဂလားကျားအပါအဝင် ရှားပါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ထမံသီဘေးမဲ့တောနမ်အီစူးရေးယာ၌ ကင်မရာထောင်ချောက်များကို တပ်ဆင်ခဲ့ပြီး ရက်ပေါင်း ၉၀ ကြာ ဘေးမဲ့တောအတွင်း စောင့်ကြည့်လေ့လာမှတ်တမ်းတင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် နေ့ချင်းပြန်ခရီး၊ ညအိပ်စခန်းချခရီးတို့ဖြင့် နန်ရင်းရင်ကင်းစခန်းတို့မှ ကျားစာရင်းနှင့် ရှားပါးမျိုးစိတ်များကို စာရင်းကောက်ယူနိုင်ခဲ့သည်။

ထမံသီဘေးမဲ့တောသည် စတုရန်းမိုင် ၈၃၀ ကျော်ကျယ်ဝန်းပြီး အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှော တောစိုဖြစ်ရာ သဘာဝသစ်တောကြီးအတွင်း၌ ချောင်းများ၊ ရေတံခွန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားလျက်ရှိသည်။

အရှေ့ဘက် နွယ်တမိန်းတောင်တန်းမှ အနောက်ဘက်ချင်းတွင်း ချိုင့်ဝှမ်းသို့ နိမ့်ဆင်းလျက်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂မျိုး၊ ငါးမျိုးစိတ်၆၇မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊အပင်မျိုးစိတ် ၄၃၂မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃မျိုး၊ မြက် ၁၈မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုး ရှင်သန်ကြွယ်ဝလျက်ရှိရာ ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ပျံ့နှံ့ကျက်စားသည့်အပြင် တိုက်လိပ်အပါအဝင် မြန်မာနိုင်ငံတွင်သာတွေ့ရှိရသော ရှားပါးမျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိသည်။

"ဒီနှစ်ထမံသီဘေးမဲ့တောမှာ ရှားပါးမျိုးစိတ်အပါအဝင် တောရိုင်းတိရစ္ဆာန်မှတ်တမ်းပြုစုတာ ဘင်္ဂလားကျား၊ မလေးရှားနဲ့ ဟိမဝန္တာဝက်ဝံမျိုးစိတ်တွေ တွေ့ရတယ်။ ဆင်၊ အင်းကျား၊ ကြောင်မျိုးစိတ်နဲ့ ပြောင်လည်းတွေ့ရတယ်။ ကင်မရာထောင်ချောက်၂၄ လုံးတပ်ဆင်ခဲ့ပြီး အဓိကကျားစာရင်း ကောက်ယူတာဖြစ်ပါတယ်။ ဒါပေမဲ့ ရှားပါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့တယ်။ ရင်ဘတ်မှာ အဖြူရောင်ဗွီပုံသဏ္ဍာန်နဲ့ ယူပုံသဏ္ဍာန်ရှိတဲ့ မလေးရှားဝက်ဝံနဲ့ဟိမဝန္တာဝက်ဝံမျိုးစိတ်နှစ်မျိုး ရှင်သန်နေတာကိုလည်းတွေ့ရတယ်။ ဒီနှစ်မှာထူးခြားတာက မျိုးစိတ်နှစ်မျိုးပိုတွေ့လာရတယ်။ ဒါဟာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို အချိန်မပျက် ထိန်းသိမ်းစောင့်ရှောက်နေတာကို ပြသနေတာဖြစ်တဲ့အတွက် နိုင်ငံအတွက် ဂုဏ်ယူစရာကောင်းပါတယ်"ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ယနေ့ထိ အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၃၁ နိုင်ငံ၌ ဇီဝအဝန်းနယ်မြေ ၇၂၇ ခု၊ နိုင်ငံနယ်နိမိတ်ချင်းထိစပ်နေသော ဇီဝအဝန်းနယ်မြေ ၂၂ ခု ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အမျိုးသားဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်စုစုပေါင်း ၅၉ ခုနှင့် အာဆီယံအမွေအနှစ်စာရင်းဝင် ရှစ်ခုရှိကြောင်း သိရသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ရက်တွင်အတည်ပြုသတ်မှတ်ထားသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ပွားရာ အဆိုပါဒေသ၌ ရှမ်းနီနှင့်နာဂတိုင်းရင်းသားတို့ နေထိုင်လျက်ရှိပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကုန်းနေ၊ ရေနေသတ္တဝါနှင့် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ခြင်းသည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေပြီး ကျေးလက်ဒေသနေပြည်သူတို့၏ လူမှုစီးပွားဘဝကိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကသတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်အပါး ၁၁၀ တို့ကိုလည်းကောင်း၊ ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၁ ဦးတို့ကိုလည်းကောင်း၊ ဆိပ်ကြီးအရှေ့ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်အပါး၂၀ နှင့် ဒေသခံပြည်သူ ၂၂၈ ဦး တို့ကိုလည်းကောင်းလိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

ထို့ပြင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း ပုဏ္ဏားကျွန်းမြို့သို့ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်တွေတပ်နယ်ဘက်သို့လည်း လက်နက်ကြီးများဖြင့် လက်လွတ်စပယ် ပစ်ခတ်ခဲ့မှုကြောင့် တပ်နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံကျေးရွာသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့ရွာများအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်တွေမြို့၊ မြို့မဈေးအနီးရှိ ဒေသအခေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်စဉ်ပြပုံ




# မြစ်ခြေမြို့နယ်ရှိ ကျေးရွာအချို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အိုးတန်ပစ္စည်းများယူဆောင်ကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတုသတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အိုးတန်ပစ္စည်းများယူဆောင်ကာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အိုးတန်ပစ္စည်းများယူဆောင်ကာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့သည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံရေးသားသည့် သတင်းမှားများသာ ဖြစ်ကြောင်း သိရသည်။

မြစ်ခြေမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ဖလံအိုကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ်တွင် ဖလံအိုကျေးရွာအတွင်း မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် လုပ်ကြံဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေး လေယာဉ်တစ်စင်းသည် မကွေးမြို့ ပတ်ဝန်းကျင်တစ်ဝိုက် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ပွင့်ဖြူမြို့ အနောက်မြောက်ဘက် ရေဘုတ်ကြီးရွာအနီးသို့ အရောက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

လေယာဉ်ပျက်ကျမှု ဖြစ်စဉ်တွင် လေယာဉ်မှူးအနေဖြင့် အရေးပေါ် ခုန်ထွက်နိုင်ခဲ့မှုကြောင့် ဘေးကင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး စက်ချွတ်ယွင်းမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁-၃-၂၀၂၄ (သောကြာနေ)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

# လေအားလျှပ်စစ်ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်းကြောင့် ရုပ်ကြွင်းလောင်စာလျှော့ချရေးစီမံချက် အောင်မြင်လာတော့မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂထုတ်ပြန်



**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၉**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂက လေအားလျှပ်စစ်ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခြင်းကြောင့် ရုပ်ကြွင်းလောင်စာ လျှော့ချရေးစီမံချက်အောင်မြင်လာတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂသည် ရုပ်ကြွင်းလောင်စာသုံးလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနေရာ၌ လေအားလျှပ်စစ်စွမ်းအင်ဖြင့် အစားထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဥရောပတိုက်အတွင်း လေအားလျှပ်စစ်ကဏ္ဍမှ စွမ်းအင်ပမာဏ ၄၂၅ ဂီဂါဝပ်ထိ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိကြောင်း၊ လေအားလျှပ်စစ်စွမ်းအင်ကဏ္ဍအတွက်လည်း ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်က လေအားလျှပ်စစ်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယူရို သုည ဒသမ ၄ ဘီလီယံသာရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်အတွင်း လေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှာ ယူရို ၃၀ ဘီလီယံထိ မြင့်တက်လာကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်ခဲ့သည်။

"၂၀၃၀ ပြည့်နှစ်အရောက်မှာ သန့်ရှင်းတဲ့စွမ်းအင်အသုံးပြုနိုင်မှု သိသိသာသာမြင့်တက်လာမှာဖြစ်တဲ့အတွက် ဥရောပသမဂ္ဂရဲ့ ရုပ်ကြွင်းလောင်စာ လျှော့ချရေးစီမံချက် အောင်မြင်လာတော့မယ်လို့ သုံးသပ်နိုင်ပါတယ်"ဟု ဥရောပသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ ပိုင်ရီတာဒီက ပြောကြားသည်။

၂၀၂၃ ခုနှစ်အတွင်း လေအားလျှပ်စစ်ထုတ်လုပ်မှုမှ လျှပ်စစ်စွမ်းအင်ပမာဏ ၁၆ ဒသမ ၂ ဂီဂါဝပ်ထိထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်း ထုတ်လုပ်နိုင်ခဲ့သော လေအားလျှပ်စစ်စွမ်းအင်ပမာဏ၏ ၈၀ ရာခိုင်နှုန်းမှာ ကမ်းလွန်လေအားလျှပ်စစ် ထုတ်လုပ်မှုမှ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံတွင် အဝေးပြေးလမ်းမြေပြိုမှုအတွင်း ပျောက်ဆုံးနေသူကိုးဦးကို ဆက်လက်ရှာဖွေနေ

**ဂျကာတာ ဖေဖော်ဝါရီ ၂၉**

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ်တွင် အဝေးပြေးလမ်းမြေပြိုမှုတစ်ခုအတွင်း ပျောက်ဆုံးနေသူ ကိုးဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ် မြို့တော်မကာဆာမှ ကီလိုမီတာ ၃၄၀ အကွာတွင်ရှိသော လူဝူခရိုင်၌ ဖေဖော်ဝါရီ ၂၆ ရက်က အဝေးပြေးလမ်းတစ်ခု မြေပြိုမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့သဖြင့် ကယ်ဆယ်ရေးသမားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်က သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းတစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူကိုးဦးကိုမူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးအေဂျင်စီ အကြီးအကဲ မက်စီယာနက်ဘက္ကာဘယ်က ပြောကြားသွားခဲ့သည်။



"ပျောက်ဆုံးနေသူတွေကို ကားလမ်းဘေး လျှိုမြောင်အောက်ခြေထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ရဲ့ ကွင်းဆင်းလေ့လာချက်အရ ပျောက်ဆုံးနေသူတွေဟာ မြေပြိုကျပြီး လျှိုထဲကိုပြုတ်ကျသွားတာဖြစ်နိုင်ပါတယ်"ဟု မက်စီယာနက်ဘက္ကာဘယ်က ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် ဆိုင်ကယ် ၁၀ စီးကျော်နှင့် ကားနှစ်စီးတို့လည်း နစ်မြုပ်သွားခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ ရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များပါဝင်ပြီး ဒရုန်းများ၊ တူးဖော်ရေးယန္တရားများကိုပါ အသုံးပြုလျက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မက်စီယာနက်ဘက္ကာဘယ်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# အရူဘာကျွန်းနိုင်ငံ၏ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုအနီရောင်အဆင့်သတ်မှတ်

**အိုရန်ဂျက်စတက် ဖေဖော်ဝါရီ ၂၉**

ကာရေဘီယံဒေသတစ်ခုဖြစ်သော အရူဘာကျွန်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုပမာဏ အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း အရူဘာကျွန်းနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေနံယိုဖိတ်မှုသည် ထရီနီဒက်နိုင်ငံမှ စတင်ခဲ့ခြင်းဖြစ်ပြီး ထရီနီဒက်နိုင်ငံမှတစ်ဆင့် အရူဘာကျွန်းနိုင်ငံသို့ ပျံ့နှံ့လာခြင်းဖြစ်ကြောင်း၊ ရေနံယိုဖိတ်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ထရီနီဒက်နိုင်ငံသို့ ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ကာ တာဝန်ယူ ဖြေရှင်းပေးသွားရန် တောင်းဆိုမှုများပြုလုပ်ထားသကဲ့သို့ နိုင်ငံအတွင်းရှိ ကျွမ်းကျင်ပညာရှင်များကို ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်လည်း တာဝန်ပေးအပ်ထားကြောင်း၊ အရူဘာကျွန်းနိုင်ငံ အကျပ်အတည်းစီမံခန့်ခွဲရေးရုံးကလည်း ကျွမ်းကျင်ပညာရှင် ဦးရေ ၆၀ စုဖွဲ့ပေးပြီးနောက် ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုပြဿနာကို ဖြေရှင်းပေးရန် ကြိုးစားလျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

"အရူဘာကျွန်းနိုင်ငံရဲ့ ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေနံယိုဖိတ်မှုဖြစ်ပွားနေတဲ့ဧရိယာကို လေးပိုင်းခွဲပြီးတော့ ကျွမ်းကျင်ပညာရှင်အယောက် ၆၀ စေလွှတ်ပြီး ရေနံယိုဖိတ်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ဆောင်ရွက်နေပါတယ်။ ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုကို ရှင်းလင်းပေးနေတဲ့အခြေအနေကိုလဲစောင့်ကြည့်နေပါတယ်။ ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုပမာဏကိုလဲ အနီရောင်အဆင့် သတ်မှတ်ထားပါတယ်"ဟု အရူဘာကျွန်းနိုင်ငံ အကျပ်အတည်းစီမံခန့်ခွဲရေးရုံး၏ ဒါရိုက်တာ ရီနိုဟာမန်းက ပြောကြားခဲ့သည်။

ရေနံယိုဖိတ်မှုဖြစ်ပွားနေသည့် ရေဧရိယာနှင့် ဆက်စပ်နေသော သောက်သုံးရေများကို အသုံးမပြုရန်နှင့် ရေထုညစ်ညမ်းမှုပမာဏ အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားသည့်အတွက် ရေထုညစ်ညမ်းမှုဖြစ်ပွားနေသော ရေဧရိယာများတွင် ဖြတ်သန်းသွားလာခြင်းမပြုရန် တားမြစ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အိန္ဒိယနိုင်ငံတွင် တောင်ပြိုကျမှုကြောင့် သတ္တုမိုင်းတွင်းလုပ်သားလေးဦး သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၉**

အိန္ဒိယနိုင်ငံ Chhattisgarh ပြည်နယ် ဒန်သီဝါဒါနယ်မြေတွင် ဖေဖော်ဝါရီ ၂၈ ရက်က တောင်ပြိုကျမှုကြောင့် သတ္တုမိုင်းတွင်းလုပ်သား လေးဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒန်သီဝါဒါနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောင်ပြိုကျမှုဖြစ်ပွားခဲ့သည့်နေရာသည် အိန္ဒိယအစိုးရပိုင် သတ္တုမိုင်းတွင်းကုမ္ပဏီဖြစ်သည့် NMDC ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် နေရာဖြစ်ပြီး သတ္တုမိုင်းတွင်းလုပ်ကွက် နေရာအနီးတွင် မြေပြိုကျမှုဖြစ်ပွားခဲ့သည့်အတွက် မိုင်းတွင်းလုပ်သားများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦးကိုလည်း NMDC ကုမ္ပဏီပိုင် ဆေးရုံတွင် ဆေးကုသမှု ပြုလုပ်ပေးလျက်ရှိပြီး သေဆုံးသူများ၏ ရုပ်အလောင်းကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများက ဆွဲထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၈ ရက်မှာ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေတဲ့ မိုင်းတွင်းလုပ်ကွက်အနီးမှာ တောင်ပြိုကျမှု ဖြစ်ပွားခဲ့ပါတယ်။ တောင်ပြိုကျမှုကြောင့် လူလေးယောက်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူနှစ်ယောက် ရှိခဲ့ပါတယ်။ သေဆုံးသူ မိုင်းတွင်းလုပ်သားတွေကို အတည်ပြုဖို့ စစ်ဆေးနေပါတယ်။ တောင်ပြိုကျမှုဖြစ်ပွားခဲ့တဲ့ အကြောင်းရင်းကိုလဲ စုံစမ်းစစ်ဆေးနေပါတယ်။ အခုလို မတော်တဆဖြစ်စဉ်ကြောင့် ဝန်ထမ်းတွေရဲ့ အသက်ဆုံးရှုံးခဲ့ရတာ ကုမ္ပဏီအနေနဲ့ မိသားစုနဲ့ ထပ်တူဝမ်းနည်းမိပါတယ်"ဟု NMDC ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူ မိုင်းတွင်းလုပ်သားများကို အမည်ထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ စိစစ်နေဆဲဖြစ်ကြောင်း၊ တောင်ပြိုကျမှု ဖြစ်ပွားခဲ့သည့် အခြေအနေနှင့်ပတ်သက်၍လည်း ကုမ္ပဏီမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းလည်း NMDC ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

တောင်ပြိုကျမှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သေဆုံးသူမိုင်းတွင်းလုပ်သားများကို အတည်ပြုပြီးပါက မိသားစုဝင်များထံ ဆက်သွယ်ကာ နစ်နာကြေး ပေးဆောင်ခြင်းနှင့် မိသားစုဝင်များကို ပံ့ပိုးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း NMDC ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**



0w hW H @

# မြင်းမိုရ်လက်နဲ့ရေးတဲ့ပန်းချီ

မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

"သမီး အားတင်းထားနော်။ စိတ်ဓာတ်မကျနဲ့။ လူ့ဘဝဆိုတာ မြုပ်တစ်လှည့် ပေါ်တစ်လှည့်ပဲ"

သမီးဖြစ်သူကို အားပေးစကားပြောနေသော်လည်း ဦးရွှေထူး၏အသံမှာ တည်ငြိမ်မှုမရှိ။ ဖုန်းကိုင်ထားသည့်လက်မှာလည်း မသိမသာ တုန်ယင်နေသည်။

"ဟုတ်ကဲ့ အဖေ။ သမီးကြိုးစားပါ့မယ်"

သက်ထားဝေ၏အသံမှာ ဝမ်းနည်းမှုကို ထိန်းချုပ်နိုင်စွမ်းမရှိကြောင်း ပေါ်လွင်နေ၏။

"အကြွေးအားလုံး သမီးပြန်ဆပ်ပေးနိုင်မယ်လို့ အဖေယုံကြည်တယ်။ အဖေ့သမီးက လူတွေပြောသလို လူစားမျိုးမဟုတ်တာ အဖေယုံတယ်။ အဖေ့သမီးရဲ့ စိတ်ဓာတ်ကို အဖေအသိဆုံးမို့ ဘယ်သူ့စကားမှ လိုက်ပြီးမခံစားနဲ့။ သမီးလုပ်စရာရှိတာကို အကောင်းဆုံးလုပ်ပါ။ သမီးဘက်မှာ အဖေရှိတယ်"

ဖခင်ဖြစ်သူ ဖုန်းချသွားသော်လည်း သက်ထားဝေ ဖုန်းမချမိပေ။ လက်က ကိုင်ထားလျက်ပင်ရှိနေ၏။

"သမီးကို အဖေယုံတယ်။ သမီးဘက်မှာ အဖေ ရှိတယ်" ဆိုသည့် ဖခင်ဖြစ်သူ၏စကားကို ပြန်ကြားယောင်လျက် သက်ထားဝေမျက်နှာပြုံးလာ၏။

(၂)

အိမ်ပြန်ရတော့မည်ဟူသော အသိကြောင့် ရင်ခုန်သံ တဒိတ်ဒိတ်နှင့် ကြည်နူးခြင်းကို မဟန့်တားနိုင်ခဲ့ပေ။ အဖေနှင့် ပြန်ဆုံတွေ့ရမည်ဟူသော စိတ်က ပေါ့ပါးနေ၏။

"ဘယ်လိုဖြစ်နေတာလဲ သက်ထားဝေ။ အလုပ်တွေ ရှုပ်နေလိုက်တာ။ မျက်စိကို နောက်လို့"

ခင်ပွန်းဖြစ်သူစကားကြောင့် သက်ထားဝေ ပခုံးတွန့်ပြလိုက်၏။

"ရွာပြန်ရမှာဆိုတော့ သိမ်းစရာရှိတာ သိမ်းနေတာပေါ့"

"ရွာပြန်ဖို့ တစ်လလောက်လိုသေးပါတယ်ဟာ"

"တစ်လဆိုတာ ဘာကြာတာမှတ်လို့။ အခုကတည်းက ဝယ်စရာရှိတာဝယ်၊ ထုပ်စရာရှိတာထုပ်၊ သိမ်းစရာရှိတာ သိမ်းထားရတယ် ကိုယ်တော်ချောရဲ့"

"အေးပါ သိမ်းဟေ့ သိမ်း။ မျက်စိရှုပ်နေတာပဲ"

သက်ထားဝေသည် အလုပ်ပိတ်ရက် အဆောင်တွင် အနားယူနေသော ခင်ပွန်းသည်ကို မျက်ခုံးပင့်ပြလျက် အဝတ်အစားများကို ခေါက်သိမ်းနေလိုက်၏။

(၃)

အဖေ့အပြုံး၊ အဖေ့အသံ၊ အဖေ့လက်ကြမ်းကြီးများနှင့် ဝေးကွာခဲ့သည်မှာ ၁၀နှစ်ကျော်၊ ၁၁နှစ်ကာလပင် ရောက်ခဲ့လေပြီ။ အဖေနှင့်ပတ်သက်လျှင် သက်ထားဝေအတွက် အမှတ်တရများစွာရှိနေခဲ့သည်။

သက်ထားဝေ ငယ်စဉ်က ခရေပန်းများ ကောက်ယူသီကုံးပြီး ညောင်လေးပင်ဈေးတွင် ရောင်းချခဲ့ဖူးသည်။

ညဦးနက်သန်းခေါင် မီးအိမ်ကလေးထွန်းကာ သူငယ်ချင်းများနှင့် ပန်းကောက်ထွက်လျှင် အဖေ အမြဲလိုက်ပါတတ်သည်။ အဖေ့ကို အိမ်မှာနေခဲ့ရန်ပြောသောအခါ-

"အဖေပါတော့ သမီးသရဲမကြောက်ရဘူးပေါ့။ အဖေက ပန်းတွေကူကောက်ပေးတော့ သမီးပန်းတွေ အများကြီးရတာပေါ့"ဟု ပြုံးပြုံးကြီးစကားဆိုခဲ့သည်။

သက်ထားဝေ စီးလာသော ကားလေးသည် မြဝတီမှတစ်ဆင့် ဘားအံမြို့သို့ ညနေဆည်းဆာအချိန်တွင် စတင်ဝင်ရောက်ခဲ့လေပြီ။

"ဘားအံ ရွှေယဉ်မျှော်ဘုရားကို ဝင်ဖူးအုံးမယ် ကိုသက်"

သက်ထားဝေခင်ပွန်းဖြစ်သူ ကိုချစ်သက်ထွန်းကို စကားဆိုလိုက်၏။

"ဒါဆို ဘားအံမှာ တစ်ညအိပ်လိုက်ပါလား။ မနက်စောစောပြန်ရင် ရွာကို အစောကြီးရောက်တယ်"

"ကောင်းသားပဲ"

ကားဆရာစကားကြောင့် ကိုချစ်သက်ထွန်း ထောက်ခံလိုက်လေသည်။ ထို့နောက် ကားဆရာ အစီအစဉ်ဖြင့် ဘားအံမြို့ရှိ ကားသမားအသိနေအိမ်တွင် တစ်ညတည်းခိုလိုက်ကြသည်။

သံလွင်မြစ် ညနေခင်း၏ လေပြည်လေညင်းက စိတ်ကို လန်းဆန်းသွားစေ၏။ လှိုင်းရေက ခပ်ပြေပြေ လိမ့်ဆင်းနေသည်။ ဆည်းဆာအလှကို စင်ရော်ငှက်တို့က ထပ်မံဖြည့်စွက်ထားကြ၏။ ရွှေယဉ်မျှော်စေတီ၏ တစ်ဖက်ကမ်းရှိ ဖားပုတောင်ကြီးမှာ ခံ့ညားစွာ တည်ရှိနေသည်။ ဖားပုတောင်ကြီးကို မြင်သောအခါ ငယ်စဉ်က အဖေနှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးသွားခဲ့ကြသည်ကို သက်ထားဝေ သတိရမိပြန်သည်။

ငယ်စဉ်က သက်ထားဝေ ကျိုက်ထီးရိုးဘုရားဖူးခဲ့စဉ် အဖေ့ပခုံးထက်က လိုက်ပါခဲ့ဖူးသည်။ လမ်းတစ်လျှောက်တွေ့မြင်သမျှ မေးမြန်းခဲ့သည်ကို မမောတမ်း အဖြေပေးခဲ့သူမှာ အဖေပင်ဖြစ်သည်။

"သက်ထား"

ခင်ပွန်းဖြစ်သူက ပခုံးကိုလှုပ်ပြီးခေါ်သံကြောင့် သက်ထားဝေ အတွေးစရပ်သွား၏။

"ကမ်းနားလမ်းမှာ ညစာဝင်စားပြီး ပြန်နားကြမယ်။ မနက် ကား အစောထွက်မယ်"

သက်ထားဝေသည် ခင်ပွန်းဖြစ်သူ၏စကားကို ခေါင်းညိတ်အသိအမှတ်ပြုလျက် နှစ်ဦးသား ကားရပ်နားရာဆီသို့ လျှောက်လာခဲ့ကြ၏။

(၄)

ကားကလေးသည် မြန်လိုက်နှေးလိုက်ဖြင့် ခရီးဆက်နေသည်။ အဖေရှိရာ ရွာကလေးသို့ နီးလာလေ သက်ထားဝေ ရင်ခုန်ရလေဖြစ်သည်။

အဖေ ယခုနေထိုင်သော အိမ်ကလေးသည် သက်ထားဝေ မခံစားဖူးသေးသော အိမ်အသစ်လေးဖြစ်သည်။

"သမီးစိတ်တိုင်းကျအောင် အိမ်ကလေးတစ်လုံး ဆောက်ပေးထားတယ်"ဟူသော စကားကို ဗီဒီယိုကောမှတစ်ဆင့် အဖေက အပြုံးများဖြင့် သက်ထားဝေကို ကြိုပြောပြခဲ့သည်။

"သမီးအတွက် ပန်းခြံလေးလဲ အဖေလုပ်ထားပေးတယ်။ သမီးဘဝရဲ့အမှတ်တရအဖြစ် ခရေပင်လဲ စိုက်ပေးထားတယ်"

အဖေ့စကားတွင် အဖေ့မေတ္တာကို သက်ထားဝေ ခံစားမိခဲ့သည်။ နိုင်ငံရပ်ခြားသို့ရောက်ပြီး သုံးနှစ်အကြာတွင် သက်ထားဝေ အိမ်ထောင်ကျခဲ့သော်လည်း အဖေအပြုံးမပျက်ခဲ့ပေ။

"ဘဝဆိုတာ မထင်မှတ်တာတွေဖြစ်တတ်တယ် သမီး။ ဖြစ်ပြီးတာတွေ မေ့လိုက်ပါ။ သမီးရဲ့ အိမ်ထောင်ရေးကို ထိန်းသိမ်းပါ။ အဖေ အားလုံး ခွင့်လွှတ်တယ်"

အဖေ့စကားကြောင့် သက်ထားဝေ ခွန်အားဖြစ်ခဲ့ရသည်။ လောကဓံအမျိုးမျိုး ရင်ဆိုင်တွေ့ကြုံခဲ့ရသော်လည်း အိမ်ထောင်ရေးမပြိုကွဲအောင် ရပ်တည်နေထိုင်ခဲ့၏။

"ညောင်လေးပင်မြို့မှ ကြိုဆိုပါ၏"ဟူသော ဆိုင်းဘုတ်ကြောင့် သက်ထားဝေ၏စိတ်သည် ပို၍လှုပ်ရှားလာသည်။

"ခဏအိပ်လိုက်ပါလား သက်ထား။ ရွာလဲ ရောက်တော့မှာပဲ။ ရွာအဝင်ရောက်ရင် ကို နှိုးလိုက်ပါ့မယ်"

ခင်ပွန်းစကားကြောင့် သက်ထားဝေ ထိုင်ခုံကို နောက်သို့ ကျောဆန့်လျက် မှေးနေလိုက်၏။

(၅)

သက်ထားဝေ ခြေလှမ်းများကို ခပ်သွက်သွက် လှမ်းလိုက်၏။ အဖေက အရင်ဆီးကြိုပွေ့ဖက်မည်လား။ မောင်နှမများက အထုပ်များကိုပြေးလွှားဝိုင်းကူသယ်ယူကြမည်လားဟုတွေးရင်း သက်ထားဝေ၏ ရင်က တဆတ်ဆတ်ခုန်နေသည်။

အဖေသာလျှင် အိမ်ရှေ့လမ်းမထက်မှာ ရှေ့ဆုံးက ဆီးကြိုနေလိမ့်မည်ဟု သက်ထားဝေ ကြိုသိနေသည်။

"အဖေ"

"သမီး သက်ထား"

သက်ထားဝေကို အဖေပြေးဖက်နေသော်လည်း အဖေ့မျက်လုံးများက ညှိုးရော်နေသည်ကို သက်ထားဝေ သတိထားမိသည်။

အဖေ့လက်များ အေးစက်နေသည်။ ထို့အတူ အဖေ့နှုတ်ခမ်းကလည်း ခြောက်သွေ့နေပြန်သည်။

"နေမကောင်းဘူးလား အဖေ"

"ကောင်းပါတယ်။ သမီး ပြန်လာမယ်ဆိုတာ အဖေ့ကို ကြိုမပြောဘူး။ သမီးကြိုက်တဲ့ မုန့်လုံးကြီးတွေ လုပ်ထားမှာပေါ့"

"အဖေ့ကို ပျော်စေချင်လို့ ကြိုမပြောတာအဖေ"

"ဒီအိမ်လေးကို ကြည့်ပါအုံးသမီး။ သမီးအတွက် ဆောက်ထားတာ။ သမီးကြိုက်တဲ့အပြာနုရောင်လေး ဆေးသုတ်ထားတယ်။ တစ်ထပ်တိုက်လေး၊ ဝရန်တာလေးပါ ထည့်ထားတာ"

အဖေပြောမှပင် အိမ်ကလေးကို သက်ထားဝေ သတိထားမိလိုက်သည်။ သူ့စိတ်တိုင်းကျဖြစ်အောင် ဆောက်လုပ်ထားသော အဖေ့ကို သက်ထားဝေ ကြည်နူးစွာကြည့်လိုက်မိသည်။

"လာ သမီး။ ဟိုမှာကြည့်လိုက်ပါအုံး"

ဖခင်ဖြစ်သူ ညွှန်ပြသည်မှာ ပန်းခြံလေးဖြစ်သည်။ နှင်းဆီ၊ စံပယ်၊ သပြေ၊ စက္ကူပန်းပင်လေးများမှာ လှပနေကြသည်။

"ခရေတွေပွင့်နေပြီသမီး"

သက်ထားဝေ ခရေပင်ကြီးကိုကြည့်ကာ ငယ်ဘဝကို တမ်းတမိပြန်သည်။

ငယ်စဉ် ခရေပန်းများကောက်စဉ်က သွပ်ပြားမီးအိမ်လေးကို အဖေ ပြုလုပ်ပေးခဲ့သည်။ ပန်းသီရန် နှီးကြိုးလေးများ ဖြာပေးခဲ့သည်။ ခရေပင်ကြီးအောက်မှာ တံမြက်လှည်း၊ ရေဖျန်းခြင်းများ လုပ်ပေးခဲ့သည်။

"ခရေပန်းတွေ များများကြွေပြီး အပွင့်လေးတွေ လန်းဆန်းစေဖို့ အပင်အောက်မှာ အမှိုက်တွေ သန့်ရှင်းဖို့လိုတယ်။ ပြီးရင် ရေဖျန်းပေးရတယ်သမီး"

အဖေ့စကားနှင့်အညီ အိမ်ရှေ့တွင်စိုက်ထားသော ခရေပင်အောက်တွင် အမှိုက်ကင်းစင်နေပြန်သည်။

"လာ သမီး အိမ်ထဲဝင်ရအောင်"

သက်ထားဝေ၏ ခြေလှမ်းများသည် အိမ်အဝင်ဝတွင် ရပ်တန့်သွားသည်။

ရုတ်တရက် မြင်လိုက်ရသည့်မြင်ကွင်း။ ထိုင်နေသူအားလုံးက ငြိမ်သက်နေကြ၏။ အပူသောကကို ဖုံးဖိရခက်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ သူ့ကိုမြင်လျှင် အားလုံးပျော်ရွှင်ကြလိမ့်မည်ဟု သက်ထားဝေ ယူဆထားခဲ့သည်။ သို့သော် အထင်သည် အမြင်ကို ပြောင်းလဲသွားစေခဲ့၏။

"အဖေ"

သက်ထားဝေ အဖေ့ကို ခေါ်လိုက်သည်။ မိမိဘေးတွင် ကပ်လျက်လိုက်ပါလာသောအဖေသည် ရုတ်တရက် ပျောက်ချက်သားကောင်းနေသည်။

"အဖေ ဘယ်ရောက်သွားတာလဲ။ ကိုသက် အဖေ ဘယ်ရောက်သွားလဲ"

ခင်ပွန်းထံမှ အဖြေမကြားရသဖြင့် သက်ထားဝေ နောက်သို့ပြန်လှည့်ကြည့်လိုက်သည်။

"ဟင် အစ်မ မနွယ်"

"သက်ထားဝေ"

"အစ်မ အဖေကော။ အဖေ ဘယ်ရောက်သွားတာလဲ။ ခုနတင် သက်ထားနဲ့ စကားပြောနေတယ်လေ"

အစ်မ မနွယ်၏ နှုတ်ခမ်းများက တဆတ်ဆတ်တုန်နေသည်ကို သက်ထားဝေသတိထားမိလိုက်သည်။ ထို့နောက် အစ်မ မနွယ်၏ပါးပေါ်တွင် မျက်ရည်များ စီးကျလာသည်။ အစ်မ မနွယ်သည် သူပြန်လာသည်ကို အံ့ဩဝမ်းသာ၍ ငိုနေသည်ဟု သက်ထားဝေ တွေးလိုက်မိသည်။

"ဟိုမှာ အဖေ"

အတွေးပင် အဆုံးမသတ်။ အစ်မ မနွယ် ညွှန်ပြ

စာမျက်နှာ ၂၅သို့ ➤

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၄၂၄ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၃၂၇၉၄ ဧကစိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ၃၃၄၂၄ ဧကစိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ် စိုက်ဧကတိုးစိုက်ပျိုးနိုင်ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဆောင်းမြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၅၁ဧက၊ ကနီမြို့နယ်တွင် ၁၈၇၅၅ ဧကနှင့် ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၃၃၄၂၄ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင် ဧက ၁၈၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၀၉၄ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းမြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကန့်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာ၌ RBFစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကန့်ကြီးထောင့် ဖေဖော်ဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်စုကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သဥ္ဇာညွန့်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက အနောက်စုကြီးကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိကြည့်ရှု စစ်ဆေးပြီး ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အနောက်စုကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးထားကြောင်း ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

➤ စာမျက်နှာ ၂၄ မှအဆက်

သည့်နေရာသို့ သက်ထားဝေ လှမ်းကြည့်လိုက်၏။ အိမ်နံရံထက်တွင် ချိတ်ဆွဲထားသည့် ဆေးသားပြယ်နေသော အဖေ့ဓာတ်ပုံဟောင်းလေးဖြစ်သည်။ ဓာတ်ပုံထဲတွင် အဖေသည် သက်ထားဝေကို ပြုံးပြနေ၏။ သို့သော် အဖေ့အပြုံးသည် သက်ဝင်လှုပ်ရှားမှုကင်းမဲ့နေသည်ဟု သက်ထားဝေ ခံစားလိုက်မိ၏။

(၆)

သက်ထားဝေ နိုင်ငံခြားတွင် ၁၀နှစ်ကျော်ကြာခဲ့သည်။ ထိုကာလအတွင်း အဖေနှင့် အဆက်အသွယ်မပြတ်ခဲ့သော်လည်း လွန်ခဲ့သောနှစ်တွင် အဖေနှင့် အဆက်အသွယ်ပြတ်ခဲ့ကြသည်။ ထိုအချိန်တွင် အဖေဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

မိမိနိုင်ငံခြားထွက်စဉ် အဖေ စိတ်ထိခိုက်ခဲ့ရသည်ကို သက်ထားဝေသိ၏။ မောင်နှမအချင်းချင်း ငွေကြေးကိစ္စများကြောင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံခြားသွားရန် ငွေကို အတိုးနှင့်ယူခဲ့သည်။ အလုပ်အကိုင်အဆင်မပြေသည့်ကာလများတွင် အတိုးငွေပြန်မဆပ်သကဲ့သို့ အရင်းလည်းပြန်မပို့နိုင်ခဲ့ပေ။

အချိန်ကာလတစ်ခုထိ အိမ်သို့ငွေမပို့နိုင်ခဲ့သဖြင့် အဖေသည် သူပိုင်သည့် လယ်မြေများကို ရောင်းချလျက် သက်ထားဝေယူသွားသည့် ငွေများကို အတိုးအရင်းဖြင့် ပေးဆပ်ခဲ့ရသည်။ ပိုသော ငွေများဖြင့် သက်ထားဝေအတွက် အဖေမကွယ်လွန်မီ ရှေ့နှစ်က တစ်ထပ်တိုက်အိမ်ကလေး ဆောက်ပေးခဲ့သည်။

အိမ်ခြံမြေစာချုပ်တွင် သက်ထားဝေနာမည်ဖြင့် အမွေပေးခဲ့သည်။ ကျန်သောမောင်နှမများကိုလည်း ထိုက်သင့်စွာခွဲဝေပေးခဲ့သည်။

သက်ထားဝေသည် အဖေရေးပေးခဲ့သည့် စာရွက်လေးကို ဖတ်ကာ ငိုချလိုက်သည်။

ထို့နောက် မျက်လုံးအစုံကိုမှိတ်ကာ သက်ပြင်းချလိုက်သည်။ စိတ်မျက်လွှာတွင် အဖေနှင့်နေခဲ့ရသော ငယ်ဘဝကို တွေးမိတိုင်း နွေးလှုံ့ချိမြဲခဲ့သည်။

သက်ထားဝေ မောင်နှမများကို ပြုံးပြလိုက်၏။ အတိတ်က အမှားများကို ဝန်ချတောင်းပန်လိုက်သည်။ အဖေပေးခဲ့သည့် အိမ်နှင့်ခြံသည် မောင်နှမအားလုံး ပိုင်ဆိုင်ကြောင်းပြောလိုက်သည်။ ထို့နောက် "မောင်နှမသားချင်း၊ ဆွေမျိုးချင်း ငွေကြောင့်လဲ မမုန်းစေနဲ့၊ အမွေကြောင့်လဲ မမုန်းစေနဲ့။ အရာအားလုံးက တစ်နေ့ထားခဲ့ရမှာနော်။ ကျန်ခဲ့မှာက ဂုဏ်သိက္ခာပဲ"ဟူသော အဖေ့စာတွင်ပါသော ဆရာတော် အရှင်ဇဝန (လယ်ဝေး)၏ တရားဩဝါဒလေးကို စိတ်ထဲမှာပင် အသံထွက်၍ အကြိမ်ကြိမ် ရွတ်ဆိုနေမိတော့သည်။

## တို့လယ်သမား မြဲအားထား

- ကျေးတောရပ်ဆီ ခိုရပ်မှီ၍
ပြည်သူ့ဝမ်းစာ စားရိက္ခာတွက်
စိုက်ကာပျိုးကာ ကြိုးပမ်းရှာသော
အလှူလူသား လယ်သမားဟု
လေးစားခေါ်တွင် သူတို့လျှင်၊
ရိုးသားဖြူစင် ကျေးဇူးရှင်။

- ကိုလိုနီဖြစ် ဟိုတစ်ခေတ်ဝယ်
ဖြစ်ထွန်းသီးနှံ ဈေးနှိမ်ဒဏ်ကြောင့်
မခံရှန်းထ တော်လှန်ကြချိန်
ရရာလက်နက် ကိုင်စွဲထွက်ခဲ့
ထက်မြက်သူများ လယ်သမား၊
ဆရာစံနှင့် ခေါင်းဆောင်များ။


- လွတ်လပ်ချိန်ခါ ယနေ့မှာလည်း
ပြည်ရွာအကျိုး စားရေတိုးဖို့
ကြိုးစားမပျက် စိုက်ပျိုးလျက်တည့်
စက်မှုစွမ်းပကား ထွန်ယက်အားဖြင့်
မနားမနေ ကြံဆောင်ဖွေ၊
လုပ်သားတစ်တွေ များမိတ်ဆွေ။

- သြော်. . .
လယ်ယာလုပ်သား ဦးကြီးများ၏
တိုးပွားပညာ ဘဝသာအောင်
နည်းနာဖြန့်ဝေ ခေတ်မီစေ၍
ငွေကြေးရင်းနှီး ထုတ်ချေးပြီးလျှင်
စီးပွားကုန်ထုတ် စိုက်ပျိုးလုပ်ရန်
မယုတ်ခွန်အား ဖြည့်ဆည်းထားသည်
ထွန်းကားပြည်ရွာ သာစေရာ၊
ချီတက်ကြမှာ တူမကွာ၊
ကောင်းမြတ်မင်္ဂလာ အဖြာဖြာ။ ။

**ညွန့်ဝင်း(နတ်တလင်း)**

( မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ရေသတ္တဝါကင်းမွန်၏သဘာဝနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

နှင်းအိ(ရာမညမြေ)

ရေငန်ပိုင်းနေ အခွံမဲ့ရေနေသတ္တဝါများဖြစ်သော ကင်းမွန်များသည် ကျောရိုးမဲ့ရေနေသတ္တဝါများဖြစ်ကြပြီး ကင်းမွန်၏ ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်မှာ ရှည်မျောမျောရှိသည်။ ကင်းမွန်တွင် လက်တံရှစ်ချောင်းရှိပြီး နှစ်ခုစီတွဲထားသော ဦးမှင်နှစ်စုံစီ ပါရှိသည်။ ကင်းမွန်သည် Cephalopods အုပ်စုဝင်ဖြစ်သည်။ပြည်ကြီးငါးနှင့် ရေဘဝဲတို့သည်လည်း Cephalopods အုပ်စုတွင်ပါဝင်ကြသည်။ ၎င်းအုပ်စုတွင်ပါဝင်သော ရေသတ္တဝါများ၏ ဦးခေါင်းပေါ်ရှိ လက်တံများသည် ပါးစပ်ဝန်းကျင်၌ ပုံသေဆွဲထားကြပြီး ချိတ်ကဲ့သို့ ရှည်လျားသော ရေဘဝဲလက်ချောင်းသဏ္ဌာန် စုပ်ခွက်များနှင့် လက်တံများမှာ တစ်ဆင့်ပြီးတစ်ဆင့် ကြီးထွားလာကြသည်။ Cephalopods အုပ်စုဝင်များသည် အခြေခံအားဖြင့် ဦးတိုက်သွား ရေသတ္တဝါများဖြစ်သည်။ ၎င်းတို့၏ဦးခေါင်းပိုင်းတွင် လက်တံများနေရာယူထားကြပြီး ရောင်ပြေးထလျက်ရှိသည်။ အခွံမဲ့များဖြစ်ကြသော ကင်းမွန်များသည် ၎င်းတို့၏ သန်မာလှသော လက်တံများ၊ နောက်ဆက်တွဲအဆစ်အပိုင်းများနှင့် ရွေ့လျားသွားလာကြခြင်းဖြစ်သည်။ ပင်လယ်ရေပြင်တွင် Cephalopods အုပ်စုများ မြောက်မြားစွာရှိကြပြီး နက်ရှိုင်းသောချောက်များ၊ ရေတက်၊ ရေကျတွင် ဖြစ်ပေါ်လေ့ရှိသော အိုင်များနှင့် အီကွေတာမှ ဝင်ရိုးစွန်းထိ ရေပြင်တို့တွင် နေထိုင်ကြသည်။

### ကင်းမွန်၏ ထူးခြားသောသဘာဝ

ကင်းမွန်များသည် ၎င်းတို့၏လက်တံများပြတ်သွားပါက အသစ်ပြန်ထွက်သော သဘာဝရှိကြသည်။ ထူးခြားချက်မှာ ကင်းမွန်များတွင် နှလုံးသုံးခုပါရှိပြီး မင်ရည်အိတ်နှစ်အိတ်ပါရှိသည်။ ပင်မမင်ရည်အိတ်မှာ ခန္ဓာကိုယ်အတွင်းပိုင်းတွင်ပါရှိပြီး အခြားသေးငယ်သည့် မင်ရည်အိတ်မှာ မျက်လုံးနောက်၌ ပါရှိသည်။ မင်ရည်အိတ်သည် နက်ပြာရောင်ရှိပြီး ချက်ပြုတ်မစားသောက်မီ ကင်းမွန်၏ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောရပါမည်။ ကင်းမွန်အမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥ ဥနိုင်ကြသည်။ မေလနှင့်ဇွန်လတို့သည် ကင်းမွန်များ သားပေါက်ရာသီဖြစ်သောကြောင့် ထိုကာလ၌ ကင်းမွန်ဖမ်းခြင်း ရပ်နားရသည်။

### ကင်းမွန်ကျက်စားရာ နေရာဒေသများ

ဈေးကောင်းပြီး ဈေးကွက်ဝင်လှသောကင်းမွန်များကို တနင်္သာရီ၊ ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြိတ်ကျွန်းစုတို့တွင် အများဆုံးတွေ့ရှိရပြီး ရေကြက်ဟုလည်း ခေါ်ကြသည်။ မွန်ပြည်နယ် ရေးမြို့နယ်တွင်လည်း ဖမ်းဆီးရမိကြသည်။ ကင်းမွန်များကို အငန်နှုန်း 17 ppt အထက်တွင်တွေ့ရှိရပြီး အများအားဖြင့် အငန်နှုန်းမြင့်မားသော အပိုင်းတွင် တွေ့ရများတတ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ တောင်တရုတ်ပင်လယ်နှင့် ဂျပန်နိုင်ငံအလယ်ပိုင်းတို့တွင် ကင်းမွန်များ ပျံ့နှံ့လျက်ရှိကြသည်။

### ကင်းမွန်မျိုးစိတ်

ကင်းမွန်သည်မျိုးစိတ်ပေါင်း ၃၇၅ မျိုးခန့်ရှိသည်ကို မှတ်တမ်းများအရ သိရသည်။ ကင်းမွန်များကို မျိုးစိတ်ခွဲရာ၌ အဓိကအားဖြင့် ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်၊ နှာမောင်း၊ လက်တံများ၊ အရိုးနု၊ အရိုးပျော့၊ စုပ်ခွက်၊ ကိုယ်ထည်အလျားနှင့် အရောင်ပုံစံကို အခြေခံ၍ လေ့လာကြခြင်းဖြစ်သည်။

### ကင်းမွန်၏ အရောင်နှင့် ပုံပန်းသဏ္ဌာန်

ကင်းမွန်၏အရောင်ကို လူတော်တော်များများ ပန်းရောင်ရှိသည်ဟု ထင်ကြသော်လည်း ၎င်း၏ အရောင်အမှန်မှာ အကြည်ရောင်ဖြစ်သည်။ကင်းမွန်သည် ရေထဲ၌ရှိနေစဉ်တွင် အကြည်ရောင်ဖြစ်ပြီး အလွန်လှသည်။ ဖမ်းပြီးကုန်းပေါ်ရောက်သော် ရေခဲစသည်တို့ဖြင့် ထိတွေ့ရာမှအဖြူရောင်သို့ ပြောင်းသွားပြီး ထို့နောက်တွင်မှ ပန်းရောင်သို့ ပြောင်းသွားခြင်းဖြစ်သည်။ လတ်ဆတ်မှုအနေဖြင့်ကြည့်လျှင် ပန်းရောင်၊ အနီရောင်သန်းသည့် ကင်းမွန်များသည် ရေခဲနှင့် ထိပြီးသားဟု ဆိုရပေမည်။ ပုံသဏ္ဌာန်အားဖြင့် ကင်းမွန်သည် ပိန်ပိန်ရှည်ရှည်များသည်။ အရွယ်အစားမှာ ၁၀ လက်မခန့်ထိ အရှည်ရှိကြသည်။

### ကင်းမွန်၏ သားပေါက်ပုံ

ကင်းမွန်သဘာဝမှာ အများစုသည် နေ့ဘက်တွင် ပုန်းကွယ်လျက်ရှိကြပြီး ညဘက်တွင်လှုပ်ရှားကာ အစာရှာကြသည်။ နေ့ဘက်တွင် အလင်းရောင်နည်းသော ရေနက်ပိုင်းတွင်ရှိနေကြပြီး အများအားဖြင့် ရေနက်ပိုင်းကျယ်ပြန့်သော အလွှာများ၌ တွေ့ရလေ့ရှိကြပါသည်။ အချို့မှာမူ ညမှောင်မှောင် ကမ်းဦးရေတိမ်များ၌လည်းရှိကြသည်။ သတ္တဗေဒသဘောအရ ကင်းမွန်မျိုးစိတ်များသည် ဥပေါက်သည့်ရာသီ၊ ဥပေါက်ဖွားရာ အချိန်အတောအတွင်း ကြီးမားသော အစုအဝေးများ ဖြစ်ပေါ်တည်ရှိနေတတ်ကြသည်။ ကင်းမွန်များသည် ရေငန်တွင် အသက်ရှင်နေထိုင်လျက်ရှိပြီး တစ်နှစ်ပတ်လုံး သားပေါက်လေ့ရှိရာ အများအားဖြင့် ရေအပူချိန်တိုးလာချိန်များ၌ ပိုပြီး သားပေါက်ကြသည်။ အသေးဆုံးကင်းမွန်များသည် တစ်နှစ်အရွယ်တွင် မျိုးအောင်ကြပြီး ခန့်မှန်းအားဖြင့် ကင်းမွန်များသည် ထူးခြားစွာအသက်သုံးနှစ်သာ ရှည်ကြသည်။



### ကင်းမွန်ဈေးကွက်

မြိတ်ဒေသတွင် ဖမ်းဆီးရမိသည့် တစ်လက်မအရွယ်မှ ၁၀ လက်မခန့် အရွယ်အစားရှိသော ကင်းမွန်များကို ပြည်တွင်းနေရာအနှံ့အပြားသို့တင်ပို့ရောင်းချလျက်ရှိသည်။ ဈေးကွက်တွင် အရွယ်အစားသုံးမျိုးခွဲခြား၍ နှစ်လက်မနှင့်အောက် အရွယ်အစားရှိသော ကင်းမွန်များကို အခြောက်ပြုလုပ်၍လည်းကောင်း၊ သုံးလက်မနှင့်အထက် အရွယ်အစားရှိသော ကင်းမွန်များကို ရေခဲရိုက်၍လည်းကောင်း၊ အကွင်းပြုလုပ်၍လည်းကောင်း ရောင်းချလျက်ရှိသည်။ အကွင်းလိုက်ပြုလုပ်ထားသော ကင်းမွန်များကို တရုတ်နိုင်ငံမှအများဆုံးဝယ်ယူကြပြီး အကောင်လိုက်ရေခဲရိုက်ထားသောကင်းမွန်များကို ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။

### ကင်းမွန်စားဖွယ်ရာ

ကင်းမွန်တွင် အဆီပါဝင်မှုနည်းပါးပြီး အသားဓာတ်မြင့်မားစွာပါဝင်သောကြောင့် လူသားတို့၏ ကျန်းမာရေးအတွက် အထောက်အကူပြုသော ရေနေသတ္တဝါမျိုးဖြစ်သည်။ ကင်းမွန်ကို အကြော်၊ အပေါင်း၊ အကင်၊ အချက်၊ အသုပ် စသည်ဖြင့် အသုံးပြုကြသည်။ ဟိုတယ်များတွင်လည်း ကင်းမွန်ဟင်းလျာများမှာ နာမည်ကြီးလှသည်။ ကင်းမွန်ကုန်းဘောင်ကြော်၊ ကင်းမွန်ချိုချဉ်ကြော်၊ ကင်းမွန်အကွင်းကြော်၊ ကင်းမွန်ကောက်ညှင်းအဆာသွတ်၊ ပင်လယ်စာအဆာသွတ်၊ ခရုဆီပေါင်း၊ သံပရာပေါင်းအပြင် ကင်းမွန်ချဉ်စပ်သုပ်၊ ရခိုင်သုပ်၊ အချိုသုပ်၊ ယိုးဒယားသုပ်၊ အကင်၊ အထောင်း စသည့်ဟင်းလျာများမှာ နာမည်ကြီးလှပေသည်။

### ကင်းမွန်စားခြင်းဖြင့် ရရှိနိုင်မည့်ကျန်းမာရေး အကျိုးကျေးဇူးများ

အကင်ဆိုင်တစ်ဆိုင်ရောက်လျှင် မပါမဖြစ်သော အမျိုးအစားတစ်မျိုးမှာ ကင်းမွန်ကင်ဖြစ်သည်။ ကင်းမွန်ကို အကွင်းလေးများလှီးပြီး အကြွပ်ကြော်စားခြင်း၊ အဆာသွတ်ပြီးကင်စားခြင်း၊ အချဉ်ထောင်းပြီး သုပ်စားခြင်းသာမက မဆလာနှင့်ချက်စားခြင်းစသည်ဖြင့် လူကြိုက်များလှသည့် မီနူးများမှာလည်းစုံလှသည်။ ရခိုင်ဟင်းချဉ်စပ်လေးနှင့်ဆိုလည်း ခံတွင်းတွေ့ကြသည်။ ထိုကဲ့သို့ လူကြိုက်များပြီး အစားအသောက်အတော်များများတွင် ပါဝင်လေ့ရှိသော ကင်းမွန်များသည် အခြားအသားငါးများကဲ့သို့ ပရိုတင်းဆိုသော အသားဓာတ်နှင့်သတ္တုဓာတ်များ ကြွယ်ဝသည့်အပြင် အဆီနှင့်ကယ်လိုရီပါဝင်မှု နည်းသည်။ ထို့ကြောင့် ကင်းမွန်၏အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါသည်။

**ကယ်လိုရီပါဝင်မှုနည်းပါးသည်။** ဆီဖြင့် ကြော်ထားခြင်းမဟုတ်သည့် ကင်းမွန် ၁၀၀ ဂရမ် တစ်ပွဲတွင် ၇၅ ကယ်လိုရီမှ ၈၅ ကယ်လိုရီသာ ပါဝင်သည်။

**အရိုးသန်မာစေသည်။** ကင်းမွန်တွင် သံဓာတ် ကြွယ်ဝစွာပါဝင်သည်။ ထို့ပြင် Phosphorus၊ Zinc နှင့် Magnesium တို့လည်း ကြွယ်ဝစွာပါဝင်၍ အရိုးကို သန်မာစေသည်။

**ပရိုတင်းအရင်းအမြစ်ကြွယ်ဝသည်။** ကင်းမွန် ၁၀၀ ဂရမ် တစ်ပွဲတွင် ပရိုတင်း ၁၅ ဒသမ ၅ ဂရမ်မှ ၁၆ ဒသမ ၁ ဂရမ်ခန့် ပါဝင်သည်။

**အစာစားချင်စိတ်ကို ဖြစ်စေသည်။** ကင်းမွန်တွင် အစာစားချင်စိတ်ဖြစ်အောင် ကူညီပေးသောဓာတ်များ ပါဝင်သဖြင့် အစာစားချင်စိတ် မရှိသူများအနေဖြင့်လည်း စားပေးသင့်သည်။ ကင်းမွန်တွင်ပါဝင်သော သတ္တုဓာတ်သည် အစာခြေစနစ်ကို အားကောင်းစေပါသည်။

**ကာဗိုဟိုက်ဒရိတ်မပါဝင်ပါ။** ကင်းမွန်တွင် ကာဗိုဟိုက်ဒရိတ်မပါဝင်သည့်အတွက် Diet အစီအစဉ်ဆွဲထားသူများ၏ စားသောက်မှုစာရင်းတွင် ကင်းမွန်ကိုထည့်ထားနိုင်သည်။

**ဗီတာမင် B12 နှင့် B6 ကြွယ်ဝသည်။** အာရုံကြောများနှင့် သွေးကြောကျန်းမာရေးအတွက် ခန္ဓာကိုယ်မှ B 12 ကိုလိုအပ်ပြီး နှလုံးကျန်းမာရေးအတွက် B6 ကိုလိုအပ်သည်။ ထိုဓာတ်များသည် ကင်းမွန်တွင် ပါဝင်သဖြင့် စားပေးသင့်သည်။

**ဆီလီနီယမ်နှင့်ဗီတာမင်-E ပါဝင်သည်။** ကင်းမွန်တွင် ဆီလီနီယမ်နှင့် ဗီတာမင် E ပမာဏ ထိုက်သင့်သလောက်ပါဝင်သည်။ ဆီလီနီယမ်သည် ခန္ဓာကိုယ်ထဲတွင် အနည်းငယ်ပင်ရှိစေကာမူ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုနှင့် မျိုးအောင်နိုင်စွမ်းကိုမြှင့်တင်ပေးပြီး ဗီတာမင် E နှင့်အတူ အကျိုးပြုခြင်းဖြစ်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်သဖြင့် ကင်ဆာကာကွယ်ပြီးအကျိတ်များကို ကြီးထွားမလာအောင် တားဆီးပေးနိုင်သည်။

**သွေးဖြူဥများကို အားကောင်းစေသည်။** ကင်းမွန်များသည် ၎င်း၏ရန်သူများကို နက်ပြာရောင်မင်များလွှတ်ထုတ်ပြီး ရန်သူကိုတိုက်ခိုက်သည်။ အဆိုပါနက်ပြာရောင်မင်များသည် သွေးဖြူဥဆဲလ်များကို အားကောင်းစေပြီး ခန္ဓာကိုယ်ထဲမှ ရောဂါပိုးမွှားများကို ဖယ်ရှားပေးနိုင်သည်။ ထို့ကြောင့် ကိုယ်ခံအားကိုလည်း မြှင့်စေသည်။

**သွေးနီဥများကို အားကောင်းစေသည်။** ကင်းမွန်တွင် သတ္တုဓာတ်နှင့် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ထို့ပြင် ပရိုတင်း၊ ဗီတာမင်၊ Copper နှင့် Omega-3 တို့လည်း ကြွယ်ဝစွာပါဝင်သည်။ အဆိုပါဓာတ်များသည် သွေးနီဥများကို အားကောင်းစေသည်။ လူသားများအတွက် သွေးနီဥသည် အဓိကအရေးကြီးသည်။ သွေးနီဥဆဲလ်များတွင် ပါဝင်သော ဟေမိုဂလိုဘင်ဓာတ်သည် အောက်ဆီဂျင်များကိုသယ်ဆောင်ပြီး ခန္ဓာကိုယ်ထဲမှ အင်္ဂါများကို ပို့ဆောင်ပေးရာ၌ အရေးကြီးသည်။ ထို့ပြင် နှလုံးရောဂါမှအစ လေဖြတ်ရောဂါ မဖြစ်အောင်လည်း ကာကွယ်ပေးနိုင်သည်။

**ကိုလက်စထရောပါဝင်မှုများသည်။** ကင်းမွန်တွင် ကိုလက်စထရော ပါဝင်မှုများသည်။ သို့သော် အဆီအရမ်းနည်းသည့်အပြင် ၎င်းထံမှ ကိုလက်စထရောကို လူ့ခန္ဓာကိုယ်က စုပ်ယူနိုင်မှုနည်းပါးပါသည်။ သတိပြုရန်အနေဖြင့် အစာအဆိပ်သင့်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်းများ မဖြစ်ရအောင် ကင်းမွန်ကို စားမည်ဆိုလျှင် -

လတ်ဆတ်သည်ကိုသာ ရွေးဝယ်ပြီးချက်စားရမည်ဖြစ်သည်။ ကင်းမွန်သည် အခွံမာငါးများကဲ့သို့ပင် ပုပ်လွယ်ပြီး ဇက်တီးရီးယားများ ကပ်ငြိပါဝင်လေ့ရှိသည်။ ထို့ကြောင့် သန့်ရှင်းလတ်ဆတ်သောကင်းမွန်ဖြစ်နေရန်လိုသည်။ ထို့ပြင် ကင်းမွန်ကို မချက်မီ၊ အစားအစာမပြင်ဆင်မီ ကိုင်သည့်အခါ သေချာဆေးကြောသန့်စင်ပါ။

အချုပ်အားဖြင့်ဆိုရလျှင် ကင်းမွန်များသည် ထူးခြားသော သဘာဝတရားများနှင့် ပြည့်နှက်နေသော ကျောရိုးမဲ့ရေသတ္တဝါဖြစ်သည်။ လူကြိုက်အများဆုံး ပင်လယ်စာများတွင်လည်း ကင်းမွန်သည် ထိပ်တန်းစာရင်းမှပါဝင်နေပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသဖြင့် စားပေးသင့်သော ပင်လယ်စာဖြစ်သည်။ ထို့ပြင် ကင်းမွန်များသည် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ထိပါ ဈေးကောင်းရရှိနေသဖြင့် တန်ဖိုးမြင့် ရေသတ္တဝါလည်းဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။


**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၂)**
- **Fish Base of Myanmar(4)Inland Fisheries of Myanmar**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ ဖေဖော်ဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒေသတချို့မှာ ပိုလ်ကိတ်ပဲကို မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ကို စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံတွေ အားလုံးပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့သီးနှံတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံပိုလ်ကိတ်ပဲများ လျာထားချက်ဧကအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများသိရှိပြီး သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို လယ်မြေစိုက်ကွက်များထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ပို့ချဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဒက္ခိဏသီရိမြို့နယ် ကျေးစာဥကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူနစ်လုံးဆည်စုကျေးရွာအုပ်စု ကျေးစာဥကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးစာဥကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် စနစ်တကျသုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

ဒက္ခိဏသီရိမြို့နယ် ကျေးစာဥကျေးရွာတွင် အကျယ် နှစ်လက်မ၊ အရှည်ပေ ၇၁၀၀ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေမီတာ ၁၁၆ လုံး တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၁၈၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၆၈ အိမ်၊ လူ ၁၀၅၆ ဦးတို့အတွက် နွေရာသီရေရှားပါးသည့်ပြဿနာများ ပြေလည်ကာ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

ခရီးသွားဆောင်းပါး

# သွားပါများ ခရီးရောက်

သက်နိုင်(ပြင်ဦးလွင်)

မိမိတို့ခရီးဖော်အဖွဲ့တွေ ရောက်ရှိနေကြတဲ့ မြစ်သားမြို့နယ် လောင်းတော်ဦးကျေးရွာက လောကသရဖူတဝရွှေဂူ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး အတွင်းမှာ လေ့လာကြည့်ရှုစရာတွေ အလွန်ပေါများနေတယ်။ စေတီတော်အဝင်ဝမှာရှိတဲ့ နတ်ကွန်းနဲ့ နတ်ပွဲ၊ ဆင်တင်းကုပ်နဲ့ ဆင်ကြီးတွေ၊ ရေတံခွန်အတုနဲ့ အထူးဖန်တီးပြုလုပ်ထားချက်တွေ၊ ဘုံခုနစ်ဆင့်ပေါင်းများစွာ ပြာသာဒ်အမိုးနဲ့ အဆောက်အအုံကြီး၊ ရုပ်ပွားတော်၊ ရုပ်တုတော်အမျိုးမျိုးတွေကို လေ့လာကြည့်ရှုခဲ့ကြပြီး ပြသာဒ်အမိုးနဲ့ အဆောက်အအုံကြီးအနီးမှာရှိတဲ့ ဓမ္မာရုံကြီးရှိရာကို ရောက်လာကြတယ်။ ဓမ္မာရုံကြီးရဲ့အတွင်းထဲမှာ ဘုရားခန်း၊ ဗုဒ္ဓရုပ်ပွားတော်ကြီးတွေနဲ့ ခန်းမကျယ်ကြီးဖြစ်နေတယ်။ ဒါပေမဲ့ အပြင်ဘက်မှာ ပန်းပင်၊ ပန်းအိုးတွေ၊ ပန်းခြံတွေနဲ့ ဆင်ရုပ်ကြီးတွေ၊ နတ်ရုပ်ကြီးတွေလဲရှိနေသေးတယ်။ သုတ်ပြီးစဆေးအသစ်တွေအပြင် ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ဆောက်လုပ်ထားတာကြောင့် ဒီနေ့ခေတ် ကုန်ကျစရိတ်ဈေးနှုန်းနဲ့ တွက်ချက်ကြည့်မယ်ဆိုရင် ကာလတန်ဖိုးနည်းမှာမဟုတ်ပါဘူး။

ဓမ္မာရုံကြီးရဲ့ဘေးကပ်လျက်မှာ ကားတွေထားတဲ့ အဆောက်အအုံကြီးတစ်ခုရှိနေပြန်တယ်။ လွယ်လွယ်ပြောရရင် ကားဂိုဒေါင်ကြီးတစ်ခုပါ။ ကားဂိုဒေါင်ဆိုပေမဲ့ သေးသေးကွေးကွေး၊ ကျဉ်းကျဉ်းကျပ်ကျပ်မဟုတ်ဘဲ လောကသရဖူတဝရွှေဂူလို့ရေးထိုးထားတဲ့ ခေတ်မီဇိမ်ခံကားသစ်ကြီးတွေ၊ ကားကောင်းကြီးတွေအပါအဝင် ဆင်တွေကို သယ်ယူပို့ဆောင်ပေးရတဲ့ ဆင်တင်ယာဉ်ကြီးတွေထားရှိတဲ့ ဧရာမကားဂိုဒေါင်ကြီးဖြစ်နေတယ်။ ဗိမာန်တော်ကြီးနဲ့ ကားဂိုဒေါင်ကြီးတို့ရဲ့ ကြီးကျယ်ခမ်းနားမှုတွေကြောင့် စေတီတော်ကိုလာရောက်နေကြတဲ့ ဘုရားဖူးဧည့်သည်တွေက သွားရောက်လေ့လာကြည့်ရှုနေကြရတယ်။

ကားဂိုဒေါင်ကြီးနဲ့မလှမ်းမကမ်း စေတီတော်ဝင်းရဲ့ အလယ်လောက်မှာ လောကသရဖူတဝရွှေဂူဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိနေတယ်။ စေတီတော်ကြီးကလဲ အာရုံခံတန်ဆောင်းတွေ၊ ပြာသာဒ်ကြီးတွေနဲ့ တခမ်းတနားပါ။ ဒါပေမဲ့ စေတီတော်ဝင်းအတွင်းက နတ်ကွန်းနေရာတွေ၊ ဆင်တင်းကုပ်နေရာတွေ၊ ရေတံခွန်နေရာတွေမှာသာ လူတွေစုဝေး များပြားပြည့်လျှံနေပြီး ဘုရားရှိခိုးကန်တော့နေသူတွေ နည်းပါးနေတယ်။ စေတီတော်မှာ ဘုရားရှိခိုး ကန်တော့ရုံကလွဲပြီး လေ့လာကြည့်ရှုစရာတွေ၊ ဗဟုသုတရစရာတွေ၊ စိတ်ဝင်စားစရာတွေမရှိတာကြောင့် လူတွေနည်းပါးကြတယ်လို့ ထင်မိလိုက်တယ်။ မိမိတို့ခရီးဖော်အဖွဲ့ထဲမှာတောင် အသက်အရွယ်ကြီးတဲ့သူလောက်သာ စေတီတော်ရှိရာကိုရောက်လာကြပြီး လူငယ်တွေနဲ့ ကလေးတွေက ရောက်မလာကြပါဘူး။ သူတို့သဘောကျ နှစ်ခြိုက်စိတ်ဝင်စားတဲ့နေရာတွေမှာ ဓာတ်ပုံရိုက်ရင်း ကျန်ရစ်နေခဲ့ကြတယ်။ စေတီတော်ဝင်းအတွင်း ကျန်ရှိတဲ့နေရာတွေမှာ လူတွေများပြားရှုပ်ထွေးနေသလောက် စေတီတော်အာရုံခံတန်ဆောင်းထဲမှာ တိတ်ဆိတ်ငြိမ်သက်နေလို့ ဘုရားကို သေသေချာချာ အာရုံပြုရှိခိုးလို့ရနေတယ်။ အာရုံခံတန်ဆောင်းကို မှန်တံခါးကြီးတွေနဲ့ အလုံပိတ်ကာရံထားတဲ့အတွက်ကြောင့်လဲ ပိုမိုဆိတ်ငြိမ်အသံတိတ်နေပါတယ်။ ဘုရားကန်တော့အပြီး စေတီတော်ရဲ့အနောက်ဘက်တည့်တည့်မှာရှိနေတဲ့ ကမ္ဘာလုံးကြီးရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

အဝေးကနေ မြင်တွေ့နေရတဲ့မြင်ကွင်းအရ ကမ္ဘာလုံးကြီးကို နဂါးတွေကဝိုင်းရံထားပြီး ကမ္ဘာလုံးကြီးရဲ့အပေါ်ထိပ်မှာလဲ မြတ်စွာဘုရားရှင်ဗျာဒိတ်ပေးနေတော်မူဟန် ရုပ်ပွားတော်ကြီးတစ်ဆူရှိနေတယ်။ ဘေးပတ်လည်ကို ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာပါဝင်တဲ့ အုတ်တံတိုင်းကြီးနဲ့ အဝိုင်းပုံစံကာရံပေးထားတယ်။ အတွင်းထဲကို ဝင်ရောက်ကြည့်ရှုလို့ရတာကြောင့် ခြသေ့်ကြီးနှစ်ကောင် တစ်ဖက်တစ်ချက်စီ ခြံရံထားတဲ့ အုတ်လှေကားလေးအတိုင်း တက်ရောက်သွားကြတယ်။ အတွင်းထဲကိုရောက်ရှိသွားတာနဲ့ ကမ္ဘာလုံးကြီးရဲ့အောက်မှာ နောက်ထပ်နဂါးတွေနဲ့ နတ်ရုပ်တွေကို မြင်တွေ့ကြရပြန်တယ်။ အနေအထားက ကမ္ဘာလုံးကြီးရဲ့အပေါ်မှာ ဗုဒ္ဓရုပ်ပွားတော်၊ ကမ္ဘာလုံးကြီးရဲ့အောက်ခြေနဲ့ဘေးတွေမှာ နဂါးတွေ၊ နတ်ရုပ်တွေရှိနေတာကြောင့် ဘုရားလို့လဲပြောမရ၊ စေတီလို့လဲပြောမရတဲ့ အခြေအနေပါ။ ဒါပေမဲ့ တည်ဆောက်ထားတဲ့ပုံစံက



လောကသရဖူတဝရွှေဂူဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ ကမ္ဘာလုံးကို တွေ့ရစဉ်။

အသွင်ထူးပြီး အမြင်မှာဆန်းသစ်နေလို့ ကြည့်ရှုလေ့လာနေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေ အလွန်များပြားနေတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေကိုယ်တိုင်ကလဲ အတွင်းထဲမှာတစ်ပတ်လေ့လာ၊ အတွင်း၊ အပြင်တွေမှာ ဓာတ်ပုံရိုက်ပြီးတာနဲ့ နောက်ထပ်နေရာတစ်ခုရှိရာကို လာခဲ့ကြတယ်။

ကမ္ဘာလုံးကြီးရဲ့အရှေ့လက်ယာဘက်မှာ ထမင်းစားဆောင်၊ ထမင်းချက်ဆောင်တွေရှိနေတယ်။ အဆောင်တွေက သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းတွေပါ။ ထမင်းစားဆောင်ကကျယ်ဝန်းပြီး အထဲမှာ လူ ၁၀၀ ကျော် အဆင်သင့်စားသုံးနိုင်အောင် ပန်းကန်တွေပြင်ဆင်ထားတာကို တွေ့မြင်နေရတယ်။ ဘုရားဖူးလာရောက်ကြသူတွေကို နေ့လယ်စာထမင်းနဲ့ တည်ခင်းဧည့်ခံကျွေးမွေးတယ်လို့ သိလိုက်ရတယ်။ မိမိတို့အဖွဲ့က မွန်းလွဲပြီးချိန်မှရောက်ရှိသွားကြတာကြောင့် ထမင်းစားဆောင်ထဲမှာ အားလုံးသိမ်းဆည်း ဆေးကြောပြီးကုန်ကြပါပြီ။ စားပွဲတွေပေါ်မှာ ပြင်ဆင်ချထားတဲ့ ပန်းကန်တွေက နောက်ရက်တွေအတွက် ဖြစ်မယ်ထင်ပါတယ်။

ကမ္ဘာလုံးကြီးရဲ့အရှေ့လက်ဝဲဘက်မှာ ကြည့်ရှုစရာတွေအလွန်များပြားနေတယ်။ ပထမဦးဆုံးတွေ့မြင်ရတာက ရှင်သီဝလိကျောင်းဆောင်ပါ။ ကျောင်းဆောင်အတွင်းမှာ ရှင်သီဝလိကိုယ်တော်ကြီးကို ဝိဇ္ဇာတွေ၊ ဇော်ဂျီတွေ၊ မျောက်မင်းတွေက ဖူးမြော်ကန်တော့နေဟန်ကို နောက်ခံ တော၊ တောင်၊ ရေအိုင်၊ မြစ်ချောင်းကြီးတွေ ပန်းချီနဲ့ ပုံဖော်ထုလုပ်ထားတယ်။ ဒီနေရာမှာတော့ လေ့လာနေသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေမရှိပါဘူး။ ကျောင်းဆောင်ရဲ့အနောက်ဘက်နားမှာ အဝိုင်းပုံသဏ္ဍာန် ဝါးရုံတောရှိနေတယ်။ ဝါးပင်တွေကို အဝိုင်းပုံစံစိုက်ပျိုးထားပြီး အလယ်မှာ ဘုရားဖူးဧည့်သည်တွေ နားနေ၊ ထိုင်နေ လို့ရအောင် အမိုးတွေ၊ ထိုင်ခုံတွေလုပ်ထားပေးတယ်။ ဝါးပင်တွေပတ်လည်ဝိုင်းနေတဲ့အတွင်းထဲမှာ အမိုးကလဲအဝိုင်း၊ ထိုင်ခုံတွေချထားပေးတာလဲ အဝိုင်းပုံစံပါ။ တောဖြစ်အောင် ပေါက်ရောက်ရှင်သန်နေတဲ့ ဝါးပင်တွေက အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အရိပ်အာဝါသကောင်းပြီး ဘုရားဖူးဧည့်သည်တွေ စိတ်အေးချမ်းသာစွာနဲ့ နားနေကြတယ်။ အကာအရံကတော့ နေပြောက်မထိုးနိုင်အောင် ပေါက်နေကြတဲ့ဝါးပင်တွေပါ။ စေတီတော်ဝင်းထဲမှာ ကြည့်ရှုစရာတွေ အများအပြားကျန်ရှိနေသေးပေမဲ့ ခရီးဖော်တစ်ဖွဲ့လုံး အရိပ်ကောင်းတဲ့ ဝါးတောထဲမှာ နားနားနေနေ ထိုင်ကြရသေးတယ်။

ဒါပေမဲ့ ဝါးပင်တောထဲကို ဝင်လာလိုက်ကြ၊ ပြန်ထွက်သွားလိုက်ကြ၊ ဓာတ်ပုံတွေရိုက်လိုက်ကြနဲ့ အဝင်အထွက် အသွားအလာများတဲ့ဝါးတောထဲမှာ ကြာကြာထိုင်နေလို့ မကောင်းတာကြောင့် နောက်ထပ်တစ်နေရာကို ဆက်လက်လေ့လာကြဖို့ ထွက်ခွာလာခဲ့ကြတယ်။

နောက်ရောက်တဲ့နေရာတစ်ခုက နဂါးရုံဘုရားနဲ့ ရေကန်ကြီးရှိတဲ့နေရာပါ။ ရေကန်ကြီးကိုအုတ်ရေကန်အဖြစ် သေသေချာချာစနစ်တကျ ပြုလုပ်တည်ဆောက်ထားသလို ရေကန်ထဲမှာရှိတဲ့ရေတွေကလဲ ကြည်လင်သန့်ရှင်းနေတယ်။ ရေကန်ကြီးရဲ့အလယ်မကျတကျလောက်မှာ နဂါးရုံဘုရားတည်ရှိနေပြီး နဂါးရုံဘုရားရှိရာကိုသွားဖို့အတွက် အုတ်တံတားတစ်ခုဆောက်လုပ်ပေးထားတယ်။ အုတ်တံတားရဲ့ရှေ့ ဘေး ဝဲ၊ ယာ တစ်ဖက်တစ်ချက်စီမှာလဲ နဂါးရုံဘုရားနဲ့ပုံစံတူ၊ အရွယ်တူ နဂါးကြီးနှစ်ကောင်ရှိနေပြန်တယ်။ နဂါးကြီးတွေက အနုပညာလက်ရာမြောက်လှသလို ရေကန်ကြီးရဲ့ပတ်လည်ကို ကျောက်ပြားခင်းလျှောက်လမ်းတွေ၊ အလှပုံဖော်သစ်ပင်တွေနဲ့ တန်ဆာဆင်ထားတယ်။

ရေကန်ကြီးနဲ့နဂါးရုံဘုရားရဲ့ရှေ့မှာ လောင်းလှေကြီးတစ်စီးရှိနေတယ်။ လှေကြီးကို အမိုးပါအဆောက်အအုံကြီးနဲ့ သေချာထည့်သွင်းပေးထားတယ်။ လှေပေါ်မှာ ခေါင်းပေါင်း၊ ပဝါ၊ အင်္ကျီ၊ ထဘီတွေသပ်သပ်ရပ်ရပ်ဝတ်ဆင်ထားတဲ့ အမျိုးသမီးရုပ်တုခုနစ်ခုနဲ့ နောက်ဆုံးမှာ လှေထိုးသားတစ်ယောက်ရှိနေတယ်။ လှေထိုးသားကလဲ ခေါင်းပေါင်းတွေ၊ ပုဆိုးတွေနဲ့ပါ။ လှေရဲ့ရှေ့မှာ လောင်းလှေလို့သာ ရေးသားထားပြီး အမှတ်တရ ဓာတ်ပုံရိုက်နေကြတဲ့သူတွေနဲ့တော့ စည်ကားနေတယ်။

ဘုရားဖူးဧည့်သည်တွေအများအပြားနဲ့ စည်ကားနေတဲ့ နောက်ထပ်နေရာတစ်ခုက အရိပ်ကောင်းကောင်းနဲ့ ထနောင်းပင်ကြီးအောက်မှာပါ။ ထနောင်းပင်ကြီးက အရိပ်ကောင်းတဲ့အပြင် ထနောင်းပင်တွေရဲ့ ပင်ကိုသဘာဝအလှတွေကို နောက်ထပ်ဖန်တီးပြုလုပ်ချက်တွေနဲ့ ပေါင်းစပ်ထားတာကြောင့် ထနောင်းပင်ကြီးက ပိုမိုလှပနေသလို လေ့လာကြည့်ရှုနေကြသူတွေ၊ အနားယူအပန်းဖြေထိုင်နေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေနဲ့ စည်ကားနေတယ်။ အရွက်စိမ်းစိမ်းနဲ့ အဝါရောင်သစ်ကိုင်းတွေ ဖြာထွက်ယှက်သန်းနေတဲ့ ထနောင်းပင်ကြီးပေါ်ကနေ ပန်းအိုး၊ ပန်းပင်တွေကို ကြိုးနဲ့ချိတ်ဆွဲပေးထားတာတွေ၊ ဆေးရောင်စုံပုသိမ်ထီးတွေကို ချိတ်ဆွဲပေးထားတာတွေ၊ အပင်ရဲ့အောက်ခြေအုတ်ခုံပေါ်မှာ ပန်းအိုးလေးတွေ၊ လူကြိုက်များတဲ့ တိရစ္ဆာန်ရုပ်လေးတွေကို ထားပေးတာအပြင် ထနောင်းပင်ကြီးရဲ့ အနီးပတ်လည်မှာ လှပတဲ့ပန်းအိုးကြီးတွေရှိနေလို့ ထနောင်းပင်ကြီးရှိရာကို ရောက်လာကြသူတိုင်းက စိတ်ဝင်တစားရှိနေကြတယ်။

ထနောင်းပင်ဆိုတာ သဘာဝအရ အလွန်လှပတဲ့ အပင်တစ်မျိုးပါ။ ဒါကိုထပ်မံဖြည့်စွက်ပုံဖော်ထားတဲ့ ဖန်တီးလုပ်ဆောင်ချက်တွေနဲ့ ပေါင်းစပ်လိုက်တော့ ပိုမိုထူးခြားလှပသွားရတယ်။ ထူးခြားမှုရှိလေ၊ ဆန်းသစ်မှုရှိလေ လူတွေရဲ့နှစ်သက်စိတ်ဝင်စားမှုကို ပိုမိုရရှိလေဖြစ်ပါတယ်။ ပုဂံ- ညောင်ဦး- ကျောက်ပန်းတောင်းခရီးကိုသွားခဲ့တုန်းက ထန်းရည်ဆိုင်တွေကို ပုံမှန်မဟုတ်ဘဲ အမြင်ဆန်းသစ်အောင်လုပ်ထားကြတယ်။ ထန်းပင်အထက်မှာ လင့်စင်ထိုးပေးထားပြီး ထန်းရည်သောက်တဲ့သူတွေက ထန်းပင်ပေါ် လှေကားနဲ့တက်သောက်ကြရတာမျိုးပါ။ လင့်စင်တွေကလဲလှပ၊ တက်ရောက်ဖို့လုပ်ထားတဲ့ လှေကားတွေကလဲ လွယ်ကူဆန်းသစ်နေလို့ ရောက်ရှိလာကြသူတွေက ထူးခြားတဲ့ လင့်စင်တွေရှိရာကိုပဲ သွားကြတော့တယ်။ ထန်းရည်မသောက်တတ်တဲ့သူတွေကိုတောင် သောက်ချင်စဖွယ်ဖြစ်အောင် ဆွဲဆောင်ထားတာဖြစ်ပါတယ်။ ပုဂံ-ညောင်ဦးကိုရောက်သွားတဲ့အချိန်မှာလဲ ရုပ်သေးရုပ်ရောင်းချနေသူတချို့က ဆိုင်ခန်းတွေနဲ့ တည်ခင်းရောင်းချနေတာမျိုးမလုပ်ကြတော့ဘဲ လှပပြီးအရိပ်ကောင်းတဲ့ သစ်ပင်ကြီးတွေမှာ ရုပ်သေးရုပ်တွေကို ချိတ်ဆွဲရောင်းချတာမျိုးတွေ လုပ်ဆောင်လာကြတာကို တွေ့မြင်နေရတယ်။ ဒီလိုလုပ်ဆောင်ချက်တွေကြောင့် ဘုရားဖူးဧည့်သည်တွေရဲ့ စိတ်ဝင်စားမှုကိုရရှိကြပြီး ရောင်းအားကောင်းနေကြကြောင်း လေ့လာသိရှိခဲ့ရတယ်။ အခုလဲ ထနောင်းပင်ကြီးရဲ့ ထူးခြားဆန်းသစ်မှုတွေကြောင့် လူတွေစည်ကားနေကြရတာပါ။

ထနောင်းပင်ကြီးနေရာကနေ ထွက်လာခဲ့ကြပြီး နောက်ထပ်တစ်နေရာအဖြစ် ဘီလူးရုပ်ကြီးတွေရှိတဲ့ နေရာတစ်ခုကိုရောက်လာကြတယ်။ ဘီလူးနှစ်ကောင်က တင်းပုတ်ကြီးတွေထမ်းပြီး ထိုင်နေကြတဲ့ရုပ်တုတွေကို အဆောင်တစ်ခုနဲ့ ခမ်းခမ်းနားနားပြသထားရှိတာကို တွေ့ရတယ်။ နောက်ဆုံးအဖြစ်ရောက်ရှိလာတဲ့နေရာက ဝင်ပေါက်မုခ်ဦးကြီးတွေ၊ ဆွမ်းအုပ်ကြီးတွေ၊ မြက်ခင်းစိမ်းအတုတွေ၊ ပန်းပင်တွေ၊ အလှစီးဒန်းတွေနဲ့ ပြုလုပ်အလှဆင်ထားတဲ့ နေရာတစ်ခုပါ။ ဒါတွေက လောကသရဖူတဝရွှေဂူ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးဝင်းအတွင်းမှာ ရှိနေကြတဲ့နေရာတွေပါ။

မြန်မာဆိုစကားတစ်ခုဖြစ်တဲ့ သွားပါများခရီးရောက်ဆိုတဲ့အတိုင်း မိမိအနေနဲ့ ခရီးတွေကို အများအပြားစဉ်ဆက်မပြတ် ထွက်ခွာသွားလာနေခဲ့တာ နေရာဒေသစုံလင်အောင် ရောက်ရှိခဲ့ပြီးပါပြီ။ ဒါပေမဲ့ ခရီးသွားလာခြင်းကို ရပ်နားမနေဘဲ အချိန်ရရင်ရသလို၊ အဆင်ပြေရင်ပြေသလို ဆက်လက်ထွက်ခွာသွားလာနေအုံးမှာပါ။ ဒီတစ်ခေါက်ခရီးစဉ်မှာ လောကသရဖူတဝရွှေဂူဆုတောင်းပြည့်စေတီတော်ကြီးကို ဖူးမြော်လေ့လာပြီးတာနဲ့ ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ကြတယ်။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးစဉ်တစ်ခုကို သွားရောက်ဖို့အတွက် စီစဉ်လိုက်ပါအုံးမယ်။

# စနေနေ့ညပွဲစဉ်တွေမှာ ထိပ်တိုက်တွေ့ဆုံမှုအသာရထားတဲ့ ဘရိုက်တန်အသင်း၊ ရိုးမားအသင်း၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ



စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာတော့ ခြေရည်တူအသင်းတွေတွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ ကြားရက်မှာတော့ ပရီးမီးယားလိဂ်က အက်ဖ်အေဖလားပွဲစဉ်တွေရှိနေတာကြောင့် ပရီးမီးယားလိဂ်အမှတ်ပေးပွဲတွေကို သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ အသင်းကြီးအများစု ရမှတ်ရှာဖွေနိုင်ခဲ့ပေမဲ့ ဂိုးပြတ်နိုင်ပွဲရတဲ့ပွဲစဉ်တွေနည်းခဲ့တာကို တွေ့ရမှာပါ။ လာမဲ့စနေနေ့ညမှာပွဲစဉ်မှာတော့ လက်ရှိကစားကွက်ပိုင်းနဲ့ တွေ့ဆုံမှုမှာ အသာရထားတဲ့အသင်းတွေကိုသာ အဓိကရွေးချယ်သွားရမှာပါ။

### ဘရိုက်တန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဖူလ်ဟမ်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်ယူကို အနိုင်ကစားနိုင်ခဲ့တာကြောင့် ယုံကြည်မှုပိုကောင်းနေပေမဲ့ မန်ယူဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရလို့ အနိုင်ရခဲ့တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲဆက်မှာလဲ မန်ယူနဲ့ ဘုန်းမောက်ကို နိုင်ပွဲရခဲ့တာကလွဲရင် ဘန်လေ၊ အဲဗာတန်၊ အေဗီလာတို့ပွဲမှာ ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဖူလ်ဟမ်ကစားပုံကလဲ အတက်အကျမြန်နေတာဖြစ်လို့ အခုပွဲစဉ်မှာ ဘရိုက်တန်လို ဘောလုံးကိုင်ကစားတဲ့အသင်းနဲ့ဆို ကစားကွက်ပိုင်းအခက်တွေ့သွားမှာသေချာပါတယ်။ ဖူလ်ဟမ်အသင်းဟာ ကွင်းလယ်အသားပေးကစားတဲ့ အသင်းဖြစ်ပေမဲ့ ကွင်းလယ်က ပေါ်ဟင်ဟာ၊ ဝီလျံတို့ ဒဏ်ရာရ၊ ပွဲပယ်ဖြစ်နေတာကြောင့် ဘရိုက်တန်လို အပေးအယူအချိတ်အဆက်ကောင်းတဲ့အသင်းကို ထိန်းချုပ်ဖို့ခက်သွားနိုင်ပြီး ဖာဂူဆန်၊ ဝဲလ်ဘက်တို့ တိုက်စစ်အတွဲကို ဂိုးပေးရဖို့များပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာလဲ ရမှတ် ၃၂ မှတ်နဲ့အဆင့်(၁၂) မှာရောက်နေတာကြောင့် အခုပွဲစဉ်ကို ရှုံးခဲ့ရင်လဲ အမှတ်ပေးဇယားပြောင်းလဲမှုရှိမှာမဟုတ်ပါဘူး။

ဘရိုက်တန်အသင်းဟာ အခုရာသီမှာ အဓိကကစားသမားတွေရောင်းချခဲ့ပေမဲ့ နည်းပြဒီဇာဘီရဲ့ စွမ်းဆောင်ရည်ကောင်းတွေကြောင့် ရလဒ်ပိုင်းကျဆင်းသွားခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းဟာ ၂၆ ပွဲအပြီးမှာ ရမှတ် ၃၉ မှတ်နဲ့ အဆင့်(၇) မှာရောက်ရှိနေပြီး ဥရောပဝင်ခွင့်အတွက် အခွင့်အရေးရှိနေတာလဲဖြစ်ပါတယ်။ နည်းပြဒီဇာဘီရဲ့ကစားကွက်အောက်မှာ လူငယ်ကစားသမားတွေဖြစ်တဲ့ ဘိုနာနိုတီ၊ ဖာဂူဆန်တို့ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် မီတိုမာ၊ ဂျာအိုပက်ထရိတို့လိုကစားသမားတွေ ဒဏ်ရာရသွားလဲ တိုက်စစ်ပိုင်းကျဆင်းသွားခဲ့ခြင်းမရှိပါဘူး။ နောက်ဆုံးအမှတ်ပေးပွဲမှာတော့ အဲဗာတန်နဲ့တွေ့ခဲ့ပေမဲ့ အဲဗာတန်ရဲ့တန်းဆင့်ဇုန်ရုန်းအားကြောင့် အခက်တွေ့ခဲ့ရပြီး ဒီဇာဘီရဲ့တိုက်စစ်ပိုင်းအလှည့်အပြောင်းက အသင်းအတွက် ရမှတ်ခွဲယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဘရိုက်တန်ဟာ ဖူလ်ဟမ်အသင်းနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုတူညီနေတယ်ဆိုပေမဲ့ နည်းပြဒီဇာဘီရဲ့နည်းစနစ်ပိုင်းကောင်းမွန်မှုက အသင်းကြီးတွေတောင် ရှုံးပွဲကြုံရတဲ့အခြေအနေဖြစ်နေလို့ ဖူလ်ဟမ်အသင်းခံစစ်ပိုင်းအမှားလုပ်မိတာနဲ့ပေးဂိုးများသွားနိုင်ပါတယ်။ လက်ရှိဖူလ်ဟမ်အသင်းကလဲ ခြေစွမ်းပိုင်းအတက်အကျမြန်နေတဲ့အသင်းဖြစ်လို့ အခုပွဲစဉ်မှာ အဓိကကစားသမားအစုံအလင်ပါဝင်ကစားနိုင်မဲ့ ဘရိုက်တန်အသင်းနဲ့လက်တွဲ ရမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |
| ဘန်လေ | ၂ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၁ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၁ | - | ၂ | အေဗီလာ |
| မန်ယူ | ၁ | - | ၂ | ဖူလ်ဟမ် |

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၄ | - | ၀ | ဘရိုက်တန် |
| ဘရိုက်တန် | ၄ | - | ၁ | ပဲလေ့စ် |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |
| ရှက်ဖီး(ယူ) | ၀ | - | ၅ | ဘရိုက်တန် |
| ဘရိုက်တန် | ၁ | - | ၁ | အဲဗာတန် |

### ရိုးမားအသင်းကို အားပေးရမှာပါ

အီတလီစီးရီးအေပွဲစဉ်(၂၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မွန်ဇာအသင်းနဲ့ ရိုးမားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မွန်ဇာအသင်းဟာ ထိပ်တန်းအဆင့်ကစားသမားမရှိပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် အသင်းကြီးတွေကိုတောင် အခက်တွေ့အောင်ကစားနိုင်ခဲ့ပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ၂၆ ပွဲအပြီးမှာ ရမှတ် ၃၆ မှတ်ရခဲ့တာကြောင့် အဆင့်(၁၁)မှာရောက်ရှိနေတာဖြစ်ပါတယ်။ မွန်ဇာဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလဲ အိမ်ကွင်းရှုံးပွဲမရှိခဲ့ဘဲ ဆက်ဆူအိုလို၊ အေစီမီလန်တို့လို တိုက်စစ်ကောင်းတဲ့အသင်းတွေကို နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ နည်းပြပါလာဒီနိုကတော့ အပေးအယူအချိတ်အဆက်နဲ့ တိုက်စစ်ဆင်လေ့ရှိပြီး ပြိုင်ဘက်တိုင်းကို ထိန်းချုပ်ကစားလေ့ရှိတာကြောင့် ရိုးမားလို ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းကိုတော့ ထိန်းချုပ်ဖို့အခက်တွေ့မှာသေချာပါတယ်။ ပထမအကျော့ နည်းပြမော်ရင်ဟိုလက်ထက်မှာလဲ ရိုးမားအသင်းက ကွင်းလယ်ကစားအားမြင့်တင်ပြီး မွန်ဇာရဲ့တိုက်စစ်ဆင်မှုတွေကိုဟန့်တားနိုင်ခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အဓိကကစားသမားတွေအပါအဝင် ကစားသမားငါးဦးဒဏ်ရာရရှိထားလို့ ရိုးမားကို ပွဲချိန်ပြည့်ယှဉ်နိုင်ဖို့အခက်တွေ့မှာပါ။

ရိုးမားအသင်းဟာ နည်းပြဒီရော့ဆီလက်ထက်မှာ အင်တာမီလန်ကို ရှုံးခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေအားလုံး ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ နည်းပြဒီရော့ဆီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး အပြောင်းအလဲလုပ်နေပေမဲ့ တိုက်စစ်ပိုင်းမှာ ဒိုင်ဘာလာ၊ လူကာကူတို့အတွဲကို အသုံးပြုတာတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ ကစားသမားနဲ့ နည်းပြကြားနားလည်မှုရှိနေတာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရအောင် ကစားပြီး ပြိုင်ဘက်ရဲ့အားနည်းချက်ကိုတွေ့မှ ဂိုးပေါက်ကန်သွင်းလေ့ရှိတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့တိုရီနိုနဲ့ပွဲမှာလဲ ကစားကွက်ပိုင်းအသာစီးရထားပေမဲ့ ဂိုးပေါက်ကန်သွင်းမှုသုံးကြိမ်သာပြုလုပ်ခဲ့ပြီး သုံးကြိမ်စလုံးဂိုးရခဲ့လို့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ မွန်ဇာလို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို တန်ပြန်တိုက်စစ်နဲ့သာ ကစားဖို့များသလို ဒိုင်ဘာလာ၊ လူကာကူတို့ရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပေါ်မှာ နိုင်ပွဲရှာဖို့ကြိုးစားသွားနိုင်ပါတယ်။ အခုပွဲစဉ်မှာ အေဗရာဟမ်၊ လိုရန်တီတို့ဒဏ်ရာရနေပေမဲ့ အဓိကကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ရိုးမားကစားကွက်ပိုင်းအားကောင်းလာနိုင်သလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ နိုင်ပွဲရထားတဲ့ရိုးမားအသင်းကိုပဲ အားပေးရမှာပါ။

**မွန်ဇာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၀ | ဆက်ဆူအိုလို |
| အူဒီးနီးစ် | ၀ | - | ၀ | မွန်ဇာ |
| မွန်ဇာ | ၀ | - | ၀ | ဗီရိုနာ |
| မွန်ဇာ | ၄ | - | ၂ | အေစီမီလန် |
| ဆလာနီတာနာ | ၀ | - | ၂ | မွန်ဇာ |

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၄ | အင်တာမီလန် |
| ဖီရင်နို | ၁ | - | ၁ | ရိုးမား |
| ဖရိုစီဝမ်း | ၀ | - | ၃ | ရိုးမား |
| ရိုးမား | ၁ | - | ၁ | ဖီရင်နို |
| ရိုးမား | ၃ | - | ၂ | တိုရီနို |

### ဆီဗီလာအသင်းရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆီဗီလာအသင်းနဲ့ ဆိုစီဒက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာဟာ နည်းပြသစ်လက်ထက်မှာ ကစားပုံပြောင်းလဲနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ရီးရဲလ်မက်ဒရစ်လို အဘက်ဘက်ကသာလွန်တဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်းပွဲချိန် မိနစ် ၈၀ ကျော်မှာ ရီးရဲလ်မက်ဒရစ်ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ဂိုးပေးလိုက်ရပြီး ဆိုးရွားတဲ့ရလဒ်နဲ့ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အဓိကကစားသမားအများစုဒဏ်ရာရနေပေမဲ့ နည်းပြဆန်းချက်ဖလိုရက်စ်ရဲ့နည်းစနစ်ပိုင်းကြောင့် ဆီဗီလာဟာ ရလဒ်ပိုင်းကောင်းခဲ့ပြီး နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ အိုဆာဆူနာကို သရေ၊ အေတီကိုအသင်းကို အနိုင်ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိတိုက်စစ်ပိုင်းမှာတော့ ရှိမီယိုနဲ့ အန်ညက်ဆီရီတို့အတွဲက ခြေစွမ်းပြနေပြီး ရှိမီယိုက အဆုံးအဖြတ်ဂိုးတွေသွင်းယူပေးနေတာဖြစ်ပါတယ်။ ဆီဗီလာဟာ အခုပွဲစဉ်ကို အနိုင်ရခဲ့ရင် အမှတ်ပေးဇယားအပေါ်ကိုတက်ရောက်နိုင်ပေမဲ့ ရှုံးခဲ့ရင်တော့ တန်းဆင်းဇုန်ထဲရောက်ဖို့များနေတာကြောင့် အခုပွဲကို နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမှာပါ။

ဆိုစီဒက်အသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး တစ်ပွဲသရေ၊ သုံးပွဲရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် ကြားရက်က မာယော့ကာနဲ့ကစားခဲ့တဲ့ ကိုပါဒယ်ရေးပွဲစဉ်မှာလဲ အကြိတ်အနယ်ကစားခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာရှုံးခဲ့လို့ ဗိုလ်လုပွဲနဲ့လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကူဘို၊ အန်ဒရီဆေးဗား၊ မာရင်နို၊ ဇူဘီမန်ဒီတို့လို ကစားသမားကောင်းတွေပိုင်ဆိုင်ထားပေမဲ့ အရန်ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ပွဲဆက်တွေများလာပြီး ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ပီအက်စ်ဂျီကို ပထမအကျော့မှာ နှစ်ဂိုးပြတ်ရှုံးထားလို့ ၁၆ သင်းအဆင့်က လှည့်ပြန်ရဖို့များနေသလို အမှတ်ပေးပြိုင်ပွဲမှာလဲ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် ရမှတ် ၄၀ နဲ့ အဆင့်(၇) ထိကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ အဓိကကစားသမားအစုံအလင်နဲ့ပွဲထွက်လာနိုင်ပေမဲ့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့သူတို့အသင်းကစားပုံကြောင့် ဆီဗီလာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ အထူးသဖြင့် ဆီဗီလာတိုက်စစ်က အမြင့်ဘောတွေကစားတာကောင်းတဲ့ အန်ညက်ဆီရီနဲ့ရှိမီယိုတို့အတွဲကို ဆိုစီဒက်မထိန်းချုပ်နိုင်ရင် ဆီဗီလာအသင်းရလဒ်ကောင်းမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၁ | အိုဆာဆူနာ |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | အေတီကို |
| ဗလင်စီယာ | ၀ | - | ၀ | ဆီဗီလာ |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဆီဗီလာ |

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၀ | - | ၁ | အိုဆာဆူနာ |
| ပီအက်စ်ဂျီ | ၂ | - | ၀ | ဆိုစီဒက် |
| မာယော့ကာ | ၁ | - | ၂ | ဆိုစီဒက် |
| ဆိုစီဒက် | ၁ | - | ၃ | ဗီလာရီးရဲလ် |
| ဆိုစီဒက် | ၁ | - | ၁ | မာယော့ကာ |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် အောက်ပါအခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ဒုတိယအကြိမ် အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ/ အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄၄)နေရာ | ၁၄-၃-၂၀၂၄ | (၆)ထပ်ဆောင် (၅)လွှာအစည်းအဝေးခန်းမ နံနက် ၁၀း၀၀ နာရီ |
| (ခ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့် (၃၃)နေရာ | ၁၅-၃-၂၀၂၄ | |
| (ဂ) | မန္တလေးဆိပ်ကမ်းခွန်(ယာဉ် ရပ်နားနှင့်လမ်းဘေးဈေးကောက် ကောက်ခံခွင့်(၁)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (ဃ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၂)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (င) | မန္တလေး(၆)မြို့နယ်လမ်းဘေး ဈေးကောက်ကောက်ခံခွင့်(၆)နေရာ | ၁၅-၃-၂၀၂၄ | ॥ |
| (စ) | အဆောက်အဦငှားရမ်းလုပ်ကိုင်ခွင့် (၁)နေရာ | ၁၅-၃-၂၀၂၄ | ॥ |

၂။ အထက်ဖော်ပြပါလုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်ယူသူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် သတ်မှတ်ထားသည့်လျှောက်လွှာကြေးပေးသွင်း၍ ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%)စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၁၁-၃-၂၀၂၄)ရက်နေ့ (၁၃း၀၀)နာရီဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၄၁၀၃၇၈၈၉၊ ၀၉-၄၅၄ ၁၆၄၄၉၉၊ ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃) နှင့် ၀၉-၄၀၂၅၃၁၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၅၁၁၄၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကိုတွေ့ရစဉ်။

**ထီးချိုင့် ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၅၁၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၀၀၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ဆီထွက်သီးနှံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၂၂၇၁၅ ဧက၊ နှမ်း ၈၀၈၂ ဧက၊ ဆီမုန်ညင်း ဧက ၃၃၀၊ နေကြာ ၁၅၃၃၅ ဧက၊ ပန်းနှမ်း ဧက ၄၆၈၀ စုစုပေါင်း ၅၁၁၄၂ ဧက ဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ဧက ၁၂၂၈၀၊ နှမ်း ဧက ၈၀၈၀၊ ဆီမုန်ညင်း ၃၃၅ ဧက၊ နေကြာ ၁၅၃၃၅ ဧက၊ ပန်းနှမ်း ၄၀၄၈ ဧက စုစုပေါင်း ၄၀၀၇၈ ဧကဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ၄၀၀၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ထံမှ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကော့ထမွလိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကော့ထမွလိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝေယံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကော့ထမွလိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူး ဦးစောဝေယံက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကော့ထမွလိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၇၉၇ သိန်း ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝေယံထံမှ သိရသည်။

**ကိုသက်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ပြင်ပတိုက်ရိုက်တင်သွင်းသောကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှု များအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ခြုံငုံ့ပေးကာကွယ်ပေးစေပါသည်။

# DENTOMEC





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


## ဝန်ထမ်းအလိုရှိသည်

**"နိုင်ကျော်" လျှပ်စစ်ပစ္စည်းဖြန့်ချိရေး**

* **ဆိုင်ကူ + ပစ္စည်းပို့ ကျား (၂)ဦး**

- ဆိုင်ကယ်မောင်းလိုင်စင်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။

လိပ်စာ။ ။ အမှတ်(၃၉၄/ခ)၊ ၈၂လမ်း၊ ၃၀×၃၂ကြား၊ မန္တလေး။

ဖုန်း။ ။ 02-4069868 , 02-4068952, 09-5014631 , 09-971919111

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အရှေ့ရပ်ကွက်၊ ၂၆လမ်း၊ ၈၆ × ၈၇လမ်းကြားနေ ဦးတင်မြင့် အမည်ပေါက် တယ်လီဖုန်းအမှတ် ၀၂-၄၀၂၁၃၁၇ ၏စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မြင့်(၉/မနတ(နိုင်)၀၃၂၉၆၄)**

**၂၆လမ်း၊ ၈၆× ၈၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။**

## စာအုပ်စာပေ လူ့မိတ်ဆွေ

မိး

သတိပြု

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အကွက်(၄၇၈)၊ တမ္ပဝတီ ငွေဇင်ရပ်ကွက်၊အိမ်အမှတ်(၃၅/၁)နေ ဦးသိန်းကို-ဒေါ်အိအိချော တို့၏သား **မောင်သိန်းထက်အောင်(၉/ခမစ(နိုင်)၀၆၇၀၅၅)**သည် မိဘတို့၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန် သားကြီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် မောင်သိန်းထက်အောင် နှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း၊အခြားမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်သိန်းထက်အောင် နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းကို(၉/တတဥ(နိုင်)၀၅၅၁၈၂)**

**ဒေါ်အိအိချော(၉/စကတ(နိုင်)၀၇၉၂၈၆)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## တာဟုန်ဖန် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး

(၁) **စာရင်းကိုင်** **မ** (၁) **ဦး**

* လစာ-အခြေခံ + %

(၂) **ဂိုဒေါင်မှူး** **ကျား/မ** (၁) **ဦး**

* လစာ-အခြေခံ + %

(၃) **တရုတ်စကားပြန်** **ကျား** (၁) **ဦး**

* လစာ-ညှိနှိုင်း

(၄) **အရောင်းဝန်ထမ်း** **မ** (၄) **ဦး**

* လစာ-အခြေခံ + %

(၅) **Marketing** **ကျား/မ** (၈) **ဦး**

* လစာ-အခြေခံ + %၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများသည် CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

လိပ်စာ။ ။ ၆၂လမ်း၊ ၁၁၀ × ၁၁၁ ကြား၊ မန္တလေးမြို့။

ဖုန်း: 09-400877900 , 09-783249663

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်...

❖ MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေး လုပ်ငန်းများတွင် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်ရမည်ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိဆောင်ရွက်နိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထွက်ပိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်းအလိုက် အားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင်အားကစားသမားများနှင့် (Youth Camp)မှ လူငယ်အားကစားသမားများ၏အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြေးခုန်ပစ် (အပစ်) အားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ☆


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မိုင်းခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257